မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဧပြီ ၂ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၈၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တောင်ငူ၊ ရေတာရှည်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မတ် ၃၁ရက် နံနက် ၇နာရီက နေပြည်တော်မှ ပဲခူးတိုင်း တောင်ငူမြို့သို့ ရထားဖြင့် ရောက်ရှိလာရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း အစိုးရနည်းပညာကောလိပ် (တောင်ငူ) ပင်မစာသင်ဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို စစ်တောင်းတံတား(မုပ္ပလင်)တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မတ်၂၉ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြပြီး နံနက်၁၀နာရီခွဲတွင် ရန်ကုန်–မြိတ်ကားလမ်းမကြီးပေါ်ရှိ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့အား စစ်တောင်းမြစ်ကို ဖြတ်ကျော်ဆက်သွယ်ထားသော စစ်တောင်းတံတားသို့ရောက်ရှိကြရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မွန်ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် စစ်တောင်းတံတား၏ကြံ့ခိုင်မှုနှင့် စစ်တောင်းမြစ်၏ရေစီးရေလာ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် စစ်တောင်းတံတား(မုပ္ပလင်)တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တံတား တည်ဆောက်ရေးစီမံကိန်း *စာမျက်နှာ ၃ ကော်လံ ၄* ❐

စစ်တောင်းတံတား(မုပ္ပလင်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို စစ်တောင်းတံတား(မုပ္ပလင်)တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်
(၂၀၀၇ ခုနှစ်၊ ဧပြီ ၂ ရက်)

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တိုင်းရင်းသားပြည်သူများ လက်တွဲပါဝင်ကြိုးပမ်း

ဧရာဝတီတိုင်းရှိ ပုသိမ်-ဟင်္သာတ-ကြံခင်းရထားလမ်းပိုင်း၏ မြန်အောင်-ကြံခင်းကြား တည်ရှိသည့် ဖားတစ်ရှဉ်းတံတားသစ်ကို မတ်လ ၂၅ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။ ဖားတစ်ရှဉ်းတံတားသည် ၁၉၂၃ ခုနှစ်ကတည်းက တည်ဆောက်ခဲ့ပြီး ရထားအပြင် ယာဉ်နှင့်ကုန် ၁၀ တန်ဝန်လေးယာဉ်များ ဖြတ်သန်းသွားလာနေရာမှ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သဖြင့် ယခုကဲ့သို့ အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

အရှည် ၄၆၉ ပေရှိသည့် ဖားတစ်ရှဉ်းတံတားသည် သံကူကွန်ကရစ်တံတားဖြစ်ရာ ရထားအပြင် တန်ချိန် ၃၀ ဝန်လေးယာဉ်များပါ ဖြတ်သန်းသွားလာနိုင်သည်။ တံတားဖွင့်လှစ်နိုင်ခြင်းကြောင့် မြန်အောင်မြို့နယ်ရှိ ကျေးရွာအုပ်စုပေါင်း ၅၈ အုပ်စု၊ ကျေးရွာပေါင်း ၅၁၇ ရွာနှင့် မြို့မတိုက်နယ်၊ ကနောင်တိုက်နယ် စသည့် တိုက်နယ်အချင်းချင်း ကူးသန်းဆက်သွယ်နိုင်သည်နှင့်အမျှ ဒေသခံပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည် ဖြစ်သည်။

ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြံခင်း-ပခုက္ကူ ရထားလမ်းကိုလည်း ဖောက်လုပ်လျက်ရှိရာ ပြီးစီးသွားပါက ဧရာဝတီတိုင်း ပုသိမ်မြို့မှ စစ်ကိုင်းတိုင်း ကလေးမြို့အထိ ရထားဖြင့် သွားလာနိုင်ကြမည် ဖြစ်သည်။

ပုသိမ်-ကြံခင်း-ပခုက္ကူ-ကလေး ရထားလမ်းသည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့၏ နယ်မြေဒေသများကို ဆက်စပ်ဖြတ်သန်းဖောက်လုပ်ထားသည်။

ကြံခင်း-ပခုက္ကူ ရထားလမ်းကို ကြံခင်း-ဥသျှစ်ပင်၊ ဥသျှစ်ပင်-သရက်၊ သရက်-မင်းဘူး၊ မင်းဘူး-စလင်းနှင့် စလင်း-ပခုက္ကူ စသည်ဖြင့် ဖောက်လုပ်လျက်ရှိရာ ကြံခင်း-ဥသျှစ်ပင် ၄၀ ဒသမ ၅ မိုင် လမ်းပိုင်းကို မကြာမီ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဖောက်လုပ်လျက် ရှိသည်။

နိုင်ငံတော်က လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ရထားလမ်း၊ ကားလမ်း အပါအဝင် တံတားသစ်ကြီးများကို ဒေသတစ်နံတစ်လျား တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိရာ တိုင်းရင်းသားများကလည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် တစ်တပ်တစ်အား ပါဝင်လက်တွဲ ဆောင်ရွက်ကြိုးပမ်းခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကွယ်လွန်သူ နှစ်ဖက်သော မိဘများအား ရည်စူး၍မြိတ်မြို့ တပ်ပြင်ရပ်နေ ဦးသိန်းစိုး- ဒေါ်မြစိ မိသားစု (မြတ်ဆုထိုက်ရွှေဆိုင်)က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ-ထိုင်း ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် ဆွေးနွေးပွဲကျင်းပ ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆွေးနွေး

ရန်ကုန် ဧပြီ ၁

ပဉ္စမအကြိမ် မြန်မာ-ထိုင်းနှစ်နိုင်ငံ ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့်ဆွေးနွေးပွဲကို ယမန်နေ့ညနေ ၆နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ် Executive Club ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် ထိုင်းနိုင်ငံပြည်သူ့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E Dr.Mongkol Na Songkhla တို့ တွေ့ဆုံဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာ မြဦး၊ ဒေါက်တာပိုင်စိုးနှင့် ကျန်းမာရေး ဝန်ကြီး ဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် စီမံချက်မန်နေဂျာများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် Professor Adik Wibowo နှင့် ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီး ဦးဆောင်သည့် အဖွဲ့ဝင် ရှစ်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr.Prasas Prasasvinitchai တို့ တက်ရောက်ကြသည်။ မြန်မာ-ထိုင်း နှစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးများအဆင့် ဆွေးနွေးရာတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံ ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်းကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်ဒေသများတွင် ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး နှင့် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးကြသည်။

ပဉ္စမအကြိမ် မြန်မာ-ထိုင်းနှစ်နိုင်ငံ ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့်ဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E Dr. Mongkol Na Songkhla တို့တွေ့ဆုံ ဆွေးနွေးကြစဉ်။
(ကျန်းမာရေး)

ဆွေးနွေး

မြန်မာ-ထိုင်းနှစ်နိုင်ငံကျန်းမာရေး ဝန်ကြီးများသည် ၂၀၀၁ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံ တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံမယ်ဆိုင်မြို့တွင် ပထမအကြိမ်၊ ၂၀၀၂ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံကော့သောင်းမြို့နှင့်ထိုင်းနိုင်ငံ ရနောင်းမြို့တွင်ဒုတိယအကြိမ်၊ ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံကျိုင်းတုံမြို့နှင့် ထိုင်းနိုင်ငံချင်းရိုင်မြို့တွင်တတိယအကြိမ်၊ ၂၀၀၄ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် စတုတ္ထအကြိမ်၊ ယခုနှစ် ၂၀၀၇ခုနှစ်မတ်လတွင်ရန်ကုန်မြို့၌ ပဉ္စမအကြိမ်အဖြစ် မြန်မာ-ထိုင်း နှစ်နိုင်ငံကျန်းမာရေးဝန်ကြီးများ ဆွေးနွေးကြခြင်း ဖြစ်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂-၄-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၁၅	၇။	ခါသကြိန် အဆိုအကများ
၅း၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၃။	ခါသကြိန် အဆိုအကများ
၆း၄၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ရှိတယ် ရှားတယ်** (အပိုင်း-၃)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	မေးမြန်းစူးစမ်း
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝေဟင်ချစ်သူ**(အပိုင်း-၁၆)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗဟိုလမ်း အမှတ် ၂၉ နေ ဦးဇော်ထွန်းဦး-ဒေါ်လှိုင်စုယဉ်၊ သမီး ကွမ်ကွမ် မိသားစုတို့က ငွေပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

✻ ကျောဖုံးမှ

ယင်းနောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်ဩဝါဒါစရိယ ခြောက်ထပ်ကြီးဘုရားကြီးတိုက် သီဂီဦးတိုက်ကျောင်းပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်ဩဝါဒါစရိယ သီဂီဦးတိုက်ကျောင်း ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရေစက်သွန်းချ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဩဝါဒါစရိယ နိုင်ငံတော်ဩဝါဒါစရိယ သီဂီဦးတိုက်ကျောင်းဆရာတော်ကြီးထံမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက ရေစက်ချ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဒုတိယရုံးအဖွဲ့မှူး ဦးထွန်းရွှေက ကိုယ်တိုင် ရေးစပ်ထားသော အောင်ဩဘာစာတမ်းကို ဖတ်ကြားပြီးအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အမှုဆောင်များစီမံခန့်ခွဲရေး (ဆင့်ပွား) သင်တန်းနှင့် အခြေခံကြွခိုင်ရေး သင်တန်းဆင်းပွဲများတက်ရောက်

နေပြည်တော် ဧပြီ ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် မတ် ၃၁ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမဆောင်၌ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးပြုလုပ်သော အမှုဆောင်များ စီမံခန့်ခွဲရေး(ဆင့်ပွား) သင်တန်းအမှတ်စဉ်(၁၉)နှင့် အခြေခံကြံ့ခိုင်ရေးသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း ထူးချွန်ဆုများ၊ စစ်ရေးပြထူးချွန်ဆုများနှင့် ဘက်စုံထူးချွန်ဆု ရရှိကြသူများအား ဆုများချီးမြှင့်သည်။

သင်တန်းဆင်းလက်မှတ်ပေးအပ်

ထို့နောက် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် တောင်ငူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲရေး (ဆင့်ပွား) သင်တန်းအမှတ်စဉ်(၁၃)နှင့် အခြေခံ ကြံ့ခိုင်ရေးသင်တန်းအမှတ်စဉ်(၁) သင်တန်း ဆင်းပွဲသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် စစ်ရေးပြဘာသာရပ်ထူးချွန်ဆုများ၊ အမှုဆောင်စီမံခန့်ခွဲမှုဘာသာရပ် ထူးချွန်ဆုများ၊ စာရိတ္တပညာသင်တန်းထူးချွန်ဆု ရရှိကြသူများအား ဆုများပေးအပ် ချီးမြှင့်သည်။

ထို့နောက် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရေတာရှည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲမှု(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၁၉)နှင့် အခြေခံကြံ့ခိုင်ရေး သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲတွင် ထူးချွန်ဆုရ သင်တန်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ရထား)

■ ရှေ့ဖုံးမှ

ရေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် တောင်ငူမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တောင်ငူမြို့နယ် ကေတုမတီမြို့ရှိ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကေတုမတီ ဘက်စုံသီးနှံစိုက်ကွင်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ကေတုမတီ ဘက်စုံသီးနှံစိုက်ကွင်း တာဝန်ခံ ဒုတိယဗိုလ်မှူးကြီးပြုံးချိုက ရန်ကုန်-မန္တလေးကားလမ်းအရှေ့ဘက် စစ်တောင်းမြစ်ကြား ဒေသအတွင်း အမြဲစိမ်းလန်းစိုပြည်စေရေးနှင့် စီမံကိန်းဝင်သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ကေတုမတီဘက်စုံ စိုက်ကွင်း ဖော်ထုတ်ခဲ့မှုအခြေအနေ၊ မြေလွတ်မြေရိုင်းများကို စိုက်ပျိုးမြေအဖြစ် မြေယာတိုးချဲ့ဖော်ထုတ်ပြီးစီးမှုအခြေအနေနှင့် စပါး၊ ကြံ၊ ခြံစည်းရိုး ကြက်ဆူဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ သီဟိုဠ်နှင့် ထန်းစိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စိုက်ပျိုးမြေ တိုးချဲ့ဖော်ထုတ်နိုင်သည်နှင့်အညီ စပါး၊ ကြံနှင့် စီမံကိန်းဝင်သီးနှံများ တိုးတက်စိုက်ပျိုးနိုင်ရန် တောင်သူများအား ပံ့ပိုးကူညီဆောင်ရွက်သွားကြရေး မှာကြားပြီး ရေဖိအားမြှင့် အလိုအလျောက်ရေတင်စနစ်ဖြင့် ကြံစိုက်ခင်းများသို့ ရေပေးသွင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အဆိုပါ ရေဖိအားမြှင့် အလိုအလျောက် ရေတင်စနစ်သည် တစ်နာရီလျှင် ရေ၆၂၄ဂါလန်နှုန်းဖြင့် စိုက်ကွင်းများသို့ ရေပေးနိုင်ကြောင်း သိရှိရသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အထွက်ကောင်းမျိုး အထူးစံပြကွက်တွင် ဖြစ်ထွန်းအောင်မြင်နေသော ကြံမျိုးပွားစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အထွက်ကောင်းကြံမျိုးများကို မျိုးပွားကာ တောင်သူများထံ ဖြန့်ဝေ၍ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တစ်ဆက် တစ်စပ်တည်း ဖြစ်ထွန်းအောင်မြင်နေသော ကြံစိုက်ခင်းများကို ရှုရပ်မှ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် သိန်းရွှေ မိသားစု ပို့ကုန်လုပ်ငန်း ကုမ္ပဏီလီမိတက်၏ မြေလွတ်မြေရိုင်းဖော်ထုတ်စိုက်ပျိုးရေးစီမံကိန်းရှိ စိုက်ပျိုးမြေဧက ၁၅၀ ဖော်ထုတ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

နည်းပညာကောလိပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစိုးရနည်းပညာကောလိပ်(တောင်ငူ) တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တည်ဆောက်ရေးစီမံကိန်း အင်ဂျင်နီယာ ဦးဌေးအောင်က ပင်မအဆောက်အအုံ ဆောက်လုပ်နေမှုဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ ကျောင်းအုပ်ကြီး ဒေါက်တာဇာနည်လင်းက သင်ကြားစီမံကိန်းစစ်ရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ချိန်အမီ ပြီးစီးရေး၊ သပ်ရပ်လှပခံ့ညား ရေရှည်ခိုင်ခံ့သည့် အဆောက်အအုံဖြစ်ရန် အထူးဂရုစိုက် တည်ဆောက်သွားရန် မှာကြားပြီး ကောလိပ် ပင်မစာသင်ဆောင် တည်ဆောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဖြည့်စွက်တင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာအနီးရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ပဲခူးတိုင်းအတွင်း နွေစပါးစိုက်ပျိုးနိုင်မှုအခြေအနေများကို လည်းကောင်း၊ မြို့နယ်အတွင်း ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါးစိုက်ပျိုးပြီးစီးမှုနှင့် ဆွာချောင်းတမံမှရရှိသည့် ရေများအား အဓိကထားပြီး လျှပ်စစ်မြစ်ရေတင်၊ ချောင်းပိတ်၊ အင်းအိုင်စသည့် ရေရရှိရေးနည်းလမ်းများဖြင့် နွေစပါးစိုက်ပျိုးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်တင်ပြသည်။

အားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပန်းတိုင်အထွက် နှုန်းပိုမိုတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြရေး၊ ဆွာချောင်းတမံ ရေကို အကျိုးရှိစွာအသုံးချရေး မှာကြားပြီး နွေစပါးစိုက်ခင်းများ၌ တောင်သူများက ဓာတ်မြေဩဇာ ကြဲပက်နေမှု၊ တမန်းနှိုး ပေါင်းလိုက်နေမှုများကို ကြည့်ရှု အားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဆွာမင်းလမ်းကျေးရွာအနီး တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းအောင်မြင်နေသော နွေစပါးစိုက်ခင်းများကို ကြည့်ရှုအားပေးကြပြီး တောင်ငူမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

❒ ရှေ့ဖုံးမှ

အင်ဂျင်နီယာမှူး ဦးကျော်လင်းက စစ်တောင်းတံတား(မုပ္ပလင်)ကို ပင်မတံတား အရှည်၁၃၆၅ပေ၊ ဝဲဘက်ကမ်း ချဉ်းကပ်တံတား အရှည် ၇၈၃ ဒသမ ၆ပေ၊ ကျိုက်ထိုဘက်ကမ်း ချဉ်းကပ်တံတား အရှည် ၂၄၄ ဒသမ ၆ ပေ စုစုပေါင်း တံတားအရှည် ၂၃၉၂ ဒသမ ၇ ပေနှင့် ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ၆ ပေ အကျယ်စီ တည်ဆောက်ထားမှု၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေကို အကျယ် ၂၉၅ ပေ၊ အမြင့် ၁၉ ဒသမ ၅ ပေ ထားရှိပြီး ယာဉ်ခွင့်ပြုအလေးချိန် တန် ၆၀ ခံနိုင်ရည်ရှိအောင် တည်ဆောက်ထားရှိမှုအခြေအနေ၊ ချဉ်းကပ်လမ်းများ တည်ဆောက် ဖောက်လုပ်ထားရှိမှု အခြေအနေ၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်း ရွှေကျင်မြို့နယ်တို့ကို ဆက်သွယ်၍ ကျုံမကူးချောင်းအား ဖြတ်ကျော် ဖောက်လုပ်ထားသည့် ဝင်းကတံတားကို အရှည်ပေ ၂၀၀၊ အကျယ်ပေ ၁၂၊ ရေလမ်းကင်းလွတ်နယ်မြေအကျယ်ပေ ၆၀၊ အမြင့် ၃ ပေနှင့် ယာဉ်ခွင့်ပြုအလေးချိန် ၅ တန်ခံနိုင်ရည်ရှိအောင် တံတားကို တစ်လွှာတစ်ထပ် ဘေလီသံပေါင်နှင့် သစ်သားကြမ်းခင်းအဖြစ် တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စစ်တောင်းတံတား (မုပ္ပလင်) နှင့် လမ်းပိုင်းသည် မူလစစ်တောင်း တံတားကူးလမ်းထက်စာလျှင် လေးမိုင်ခန့် ပိုမိုတိုတောင်းသွားမည်ဖြစ်ပြီး တံတား၏ကြံ့ခိုင်မှုကြောင့် မော်တော်ယာဉ်များက အားထား၍ ကူးသန်းဖြတ်ကျော်ကြမည်ဖြစ်ကြောင်း၊ တံတားကြီးအနီး၌ ယာဉ်ရပ်နားစခန်းများ၊ အရောင်းဆိုင်ခန်းများ စသည်ဖြင့် စည်ကားသိုက်မြိုက်လာအောင် စနစ်တကျ စီမံချက်ချ၍ စီစဉ်ကြရေးတို့ကို မှာကြားသည်။

ဒေသအခြေအနေ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် စစ်တောင်းတံတား (မုပ္ပလင်)ပေါ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တံတား၏ ပဲခူးတိုင်းဘက်ခြမ်း ချဉ်းကပ်လမ်းကို အပိုင်းအလိုက် ကျောက်ခင်းခြင်း၊လမ်းသားခိုင်ခံ့အောင် စက်ယန္တရားများဖြင့် တည်ဆောက်ခြင်း၊ ကတ္တရာခင်းရန် စီစဉ် ဆောင်ရွက်နေခြင်းတို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေး၍ ပဲခူးတိုင်း ညောင်ခါးရှည်မြို့သို့ ဆက်သွယ်ထားသော လမ်းဆုံနေရာ၌ လမ်းပိုင်းနှင့် ပတ်ဝန်းကျင် ဒေသအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မွန်ပြည်နယ်ဘက်ခြမ်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်ပြည်နယ်ဘက်ခြမ်းသို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြပြီး လမ်းပိုင်းရှိ ရထားခုံးကျော်တံတား တည်ဆောက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရော်ဘာစိုက်ခင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ရေး စီမံကိန်းမှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာကြပြီး ရန်ကုန်-မြိတ်ကားလမ်းမကြီး လမ်းဘေးဝဲယာ၌ ရော်ဘာစိုက်ခင်းများ၊ ရော်ဘာခြံကြီးများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ရန်ကုန်-မြိတ်ကားလမ်းမကြီးအတိုင်း သထုံမြို့သို့လည်းကောင်း၊ သထုံမြို့မှ သထုံ-ဘားအံကားလမ်းအတိုင်း ထွက်ခွာကြပြီး ကရင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုး တိုးတက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

မတ် ၂၀ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၁) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ခုနှစ် မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ကို ကျောင်းသူတစ်ဦးအား ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းက ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

စွမ်းရည်ပြ

ဂျပန်နိုင်ငံ တိုကျို မြို့တောင်ပိုင်း ယိုကို ဟားမား ဟာကီဂျီးမား ပင်လယ် အပန်းဖြေ စခန်းတွင် လင်းပိုင် များ၏စွမ်းရည်ပြကွက် တစ်ခုကို မတ်၂၉ ရက် က တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

တရုတ်နှင့် အဆင့်မြင့်ဆက်ဆံရေး ကဏ္ဍသစ်ထူထောင်ရန် ဗီယက်နမ် ဆန္ဒရှိကြောင်းပြောကြား

ဟနွိုင်း ဧပြီ ၁

တရုတ်နိုင်ငံနှင့်အတူ ချစ်ကြည်ရင်းနှီးမှုရရှိရေးနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုများကို အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ရန် ဗီယက်နမ်နိုင်ငံက အမြဲတမ်းဆန္ဒရှိနေကြောင်း ဗီယက်နမ်ထိပ်တန်းအရာရှိ တစ်ဦးက ပြောကြားသည်။

တရုတ်နှင့် ဗီယက်နမ် နှစ်နိုင်ငံ ဆက်ဆံရေးကို အဆင့်မြင့်ဆက်ဆံရေး ကဏ္ဍသစ်တစ်ခုသို့ ရောက်ရှိစေရန်လည်း ဗီယက်နမ်နိုင်ငံက မျှော်လင့်လျက်ရှိကြောင်း ဗီယက်နမ်အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ နုရင်ဖူတန်က ပေကျင်းမြို့တွင် ဗီယက်နမ်နိုင်ငံဆိုင်ရာ တရုတ်သံအမတ် ဟူကျင်ဝမ်နှင့် မတ်၃၀ ရက်၌ တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဆွေးနွေး

တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်နှင့်ဗီယက်နမ်နိုင်ငံ အမျိုးသားပြည်သူ့လွှတ်တော်တို့အနေဖြင့်စွမ်းအား ပူးပေါင်း ဆောင်ရွက်မှုနှင့် နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုများကို မျှဝေဖြန့်ဖြူးနိုင်မှုအပြင် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြောကြား

ဗီယက်နမ်နိုင်ငံ ပြုပြင်ပြောင်းလဲရေးနှင့် ဆိုရှယ်လစ်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် ဗီယက်နမ်အစိုးရနှင့် ပြည်သူများအား တရုတ်ကွန်မြူနစ်ပါတီက ကူညီပေးခဲ့မှုများကို ကျေးဇူးတင်ပါကြောင်း နုရင်ဖူတန်က ပြောကြားခဲ့သည်။ နှစ်နိုင်ငံ ကဏ္ဍစုံတွင် ပူးပေါင်း ဆောင်ရွက်ကြရေးနှင့် အဆင့်မြင့်ဆက်ဆံရေးကဏ္ဍသစ် ဖြစ်ထွန်းရန် ဗီယက်နမ်အစိုးရက ဆန္ဒရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယ၏ ထိပ်ဖူးတပ်ဒုံးကျည် အောင်မြင်စွာစမ်းသပ်ပစ်လွှတ်

နယူးဒေလီ ဧပြီ ၁

အိန္ဒိယနိုင်ငံသည် နျူကလီးယားထိပ်ဖူးတပ် တာတိုပစ်ဒုံးကျည်တစ်ခုကို အိန္ဒိယနိုင်ငံအရှေ့ပိုင်း အိန္ဒိယပြည်နယ် ကမ်းလွန်သင်္ဘောတစ်စီးမှ မတ် ၃၀ရက်က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်လိုက်ကြောင်း အင်ဒို-အာရှ သတင်းဌာနမှ သတင်းထုတ်ပြန်သည်။

အဆိုပါ ဒုံးကျည်ကို ဩရစ်သျှပြည်နယ်မှ မိုင် ၆၀ခန့်အကွာ ပင်လယ်ပြင်ရှိ ရေတပ်သင်္ဘောတစ်စီးမှ မတ် ၃၀ ရက် မွန်းလွဲ ၂နာရီခွဲ၌ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်း ဖြစ်သည်ဟု အိန္ဒိယစစ်ဘက် သတင်းများ၌ ဖော်ပြသည်။ ယခုအောင်မြင်စွာ စမ်းသပ်ပစ် လွှတ်လိုက်သော ဒါနုပ်အမည်ရှိ နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်သည် အိန္ဒိယရေတပ်အတွက် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးမှုအဖွဲ့(ဒီအာဒီအို)က ထုတ်လုပ်ထားခြင်း ဖြစ်သည်။

သယ်ဆောင်နိုင်စွမ်းရှိ

အဆိုပါ ဒါနုပ်ဒုံးကျည်သည် ကီလိုမီတာ၂၅၀ခန့်အကွာအဝေးကို ပစ်လွှတ်နိုင်ပြီး ကီလို ၇၅၀ လေးသော နျူကလီးယားထိပ်ဖူးကို သယ်ဆောင်နိုင်စွမ်းရှိကြောင်း သိရသည်။

ထိုဒုံးကျည်သည် အရှည်မီတာ ၈ ဒသမ၅၃ရှိပြီး အကျယ်ဝ ဒသမ ၉မီတာရှိကာ အလေးချိန် ၄ ဒသမ၄တန်ရှိသည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကြက်ငှက်တုပ်ကွေး ဘင်္ဂလားဒေ့ရှ်၌ ကူးစက်

ဒါကာ ဧပြီ ၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အလယ်ပိုင်းနှင့် မြောက်ပိုင်းခရိုင်များတွင် ကြက်ငှက်တုပ်ကွေးရောဂါများ မွေးမြူရေးခြံ ၁၆ခြံအထိ ကူးစက်ပျံ့နှံ့လာကြောင်း ၎င်းမွေးမြူရေးဝန်ကြီးဌာနက မတ် ၃၀ရက်တွင် ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဂီနီကမ်းခြေ၌ စက်လှေမှောက်၍ လူ ၆၀ သေဆုံး

ကိုနာခရီ ဧပြီ ၁

အာဖရိကအနောက်ပိုင်း ဂီနီကမ်းခြေတွင် ခရီးသည် ၁၂၀ တင်ဆောင်လာသော စက်လှေတစ်စီးသည် မတ်၂၈ရက်က တိမ်းမှောက်ခဲ့ရာ အနည်းဆုံး လူ၆၀သေဆုံးသွားကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

မိုးကြိုးပစ်၍ ထိုင်း၌နှစ်ဦးသေဆုံး

ဗန်ကောက် ဧပြီ ၁

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း ကာလာဆင်ပြည်နယ်၌ မတ် ၃၀ရက်က ရွာသားနှစ်ဦး မိုးကြိုးပစ်၍ သေဆုံးသွားကြောင်း ထိုင်းသတင်းဌာနက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆရာဝန်တစ်ဦး ကြက်ငှက်တုပ်ကွေးကြောင့် ဆေးရုံတင်ရ

ဂျကာတာ ဧပြီ ၁

ကြက်ငှက်တုပ်ကွေးရောဂါကူးစက်နေသော ဝေဒနာရှင်တစ်ဦးအား ကုသပေးသည့် ဆရာဝန်တစ်ဦးသည် ဂျာဗားအနောက်ပိုင်းမြို့တော် ဘန်ဒန်း၌ ကြက်ငှက်တုပ်ကွေး ရောဂါလက္ခဏာများ ရှိလာသဖြင့် ဆေးရုံတင်ပို့လိုက်ရသည်ဟု ဆိုသည်။

အသက် ၂၉ နှစ်ရှိ အဆိုပါဆရာဝန်သည် လွန်ခဲ့သော သီတင်းပတ်က ယင်းဆေးရုံ၌ ကြက်ငှက်တုပ်ကွေးရောဂါဝေဒနာရှင်တစ်ဦးအား ကုသပေးခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အသက်(၆၆)နှစ်အရွယ် ဩစတြီးယားအမျိုးသမီး ကလေးမွေးဖွား

ဗီယင်နာ ဧပြီ ၁

အသက် (၆၆)နှစ် အရွယ်ရှိ ဩစတြီးယား အမျိုးသမီးကြီးတစ်ဦးသည် ကလေး မွေးဖွားခဲ့ကြောင်း၊ ကလေးငယ်၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း မတ် ၂၉ရက်က ဩစတြီးယားမီဒီယာများက သတင်းထုတ်ပြန်သည်။

အဆိုပါ အမျိုးသမီးကြီးသည် ဩစတြီးယားတောင်ပိုင်း ဂျီရတ်မြို့ရှိ ဆေးရုံတစ်ခုတွင် ကလေးငယ်အား အောင်မြင်စွာမွေးဖွားခဲ့ခြင်းဖြစ်ကြောင်း၊ ကလေးမွေးဖွားခဲ့သော အမျိုးသမီးကြီး၏ အမည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း ၎င်းသတင်းများ၌ ဖော်ပြသည်။

အသက်(၆၆)နှစ်အရွယ် ဩစတြီးယား အမျိုးသမီးကြီးသည် ဖန်ပြွန်သန္ဓေနည်းအရ ကိုယ်ဝန်ဆောင်ခဲ့ပြီး ကလေးငယ်ကို မွေးဖွားခဲ့ခြင်းဖြစ်သည်။ ၎င်းအမျိုးသမီးကြီးသည် လွန်ခဲ့သော ငါးနှစ်ခန့်ကလည်း ဖန်ပြွန်သန္ဓေသားနည်းဖြင့် ကလေးမွေးဖွားခဲ့ဖူးကြောင်း အဆိုပါ ဆေးရုံမှ တာဝန်ရှိသူများက ပြောကြားသည်။

(အင်တာနက်)

အီတလီနိုင်ငံ စစ္စလီကျွန်းရှိ မောင့်အန်တာ မီးတောင်မှ မီးခိုးပြာများ မှုတ်ထုတ်နေသည်ကို မတ် ၃၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ ကားဗုံးခွဲမှု ၃၀ရာခိုင်နှုန်းမြင့်တက်

ဝါရှင်တန် ဧပြီ ၁

အီရတ်တွင်လွန်ခဲ့သည့်လကလုံခြုံရေး တိုးမြှင့်ကာ ထိရောက်စွာ နှိမ်နင်းမှု စတင်ပြီးနောက်ပိုင်း အသေခံ ဗုံးခွဲမှုနှင့် ကားဗုံးခွဲမှုများ ၃၀ရာခိုင်နှုန်း တိုးပွားလာကြောင်း အမေရိကန် ဗိုလ်ချုပ်မိုက်ကယ် ဘာဘေရိုက မတ်၃၀ရက်က ပြောကြားသည်။

အသုံးပြုခဲ့

ထို့ပြင် ကလိုရင်းဓာတ်ငွေ့ဗုံး အသုံးပြုလာသည်ကိုတွေ့လာရကြောင်း၊ ကလိုရင်းဓာတ်ငွေ့သည် အဆိပ်ဓာတ်ငွေ့ဖြစ်ပြီး အီရတ်ပြည်သူတို့အား တိုက်ခိုက်ရာတွင် အသုံးပြုလာခြင်း ဖြစ်ကြောင်း၊ ထိုသို့အသုံးမပြုမီက သမ္မတဆက်ဒမ်လက်ထက်တွင်အသုံးပြုခဲ့ကြောင်းဗိုလ်ချုပ်မိုက်ကယ်ဘာဘေရိုက ပြောကြားသည်။

မတ်လ ၂၁ရက်က ဟာဒီသာ၌ အသေခံဗုံးခွဲမှုတစ်ခုတွင် ဆယ်ကျော်သက်လူငယ်တစ်ဦးကို အသုံးပြုကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

အဆိပ်ဓာတ်ငွေ့နှင့်ဆယ်ကျော်သက်များအား အသုံးပြုလာခြင်းမှာ လက်မခံနိုင်စရာဖြစ်သည်ဟုလည်း ၎င်းက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်ကျင်းမြို့ရှိမော်တော်ကားလုပ်ငန်း ခွင်တစ်နေရာကို မတ် ၃၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ တရုတ်နိုင်ငံမှ ပထမဆုံးထုတ်လုပ်သည့် အေအာရ်ဂျေ-၂၁ ဂျက်လေယာဉ် တည်ဆောက်ရေးလုပ်ငန်းခွင်ကို မတ် ၃၀ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

တရုတ်-ရုရှားကုန်သွယ်မှု ပမာဏတိုးမြှင့်

မော်စကို ဧပြီ ၁

ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပသည့် တရုတ်ကုန်စည်ပြပွဲ၌ တရုတ်နိုင်ငံမှ စက်ကိရိယာပစ္စည်းများနှင့် လျှပ်စစ်ထုတ်ကုန်များကို ရုရှားကုမ္ပဏီများမှ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ခန့်ဝယ်ယူမည့် ကန်ထရိုက်စာချုပ်လေးခုကို လက်မှတ်ရေးထိုးနိုင်မည် ဖြစ်ကြောင်းသိရသည်။

သဘောတူ

မော်စကိုမြို့၌ တရုတ်ကုန်စည်ပြပွဲကို မတ် ၂၆ရက်မှ ၂၉ရက်ထိ ကျင်းပခဲ့ရာ စက်ကိရိယာပစ္စည်းနှင့် လျှပ်စစ်ထုတ်ကုန်များ အပါအဝင် အခြားသော ကုန်ပစ္စည်းများအား အမေရိကန်ဒေါ်လာ ၁၁၂၈ ဘီလီယံခန့် ပမာဏရှိသော ကန်ထရိုက်စာချုပ် ခြောက်ခု ချုပ်ဆိုရောင်းချရန် သဘောတူညီခဲ့ကြသည်။

အဆိုပါကုန်စည်ပြပွဲသည်နှစ်နိုင်ငံ စက်ပစ္စည်းများနှင့်လျှပ်စစ်ကုန်ထုတ်လုပ်မှု အပါအဝင် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများကို တိုးမြှင့်စေခဲ့သည်။

ကုန်သွယ်မှု

ယခင်နှစ်က တရုတ်-ရုရှား နှစ်နိုင်ငံ ကုန်သွယ်ရေးအရ စက်ပစ္စည်း၊ လျှပ်စစ် ကုန်ထုတ်လုပ်ငန်းများနှင့် ပတ်သက်၍ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာဘီလီယံ၅၈၅၀ခန့် ရှိခဲ့သည်။ ရုရှားနိုင်ငံမှ အဓိက တင်ပို့ကုန်များဖြစ်သည့် ရေနံ၊ ရေနံဓာတုပစ္စည်းများနှင့်သစ် စသည့်ကုန်ပစ္စည်းများတွင် အမေရိကန်ဒေါ်လာ ၂၄၇ ဘီလီယံခန့်ရှိကြောင်း ရုရှားနိုင်ငံ စာရင်း အင်းရုံးမှ စာရင်းဇယားများ၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရေမြုပ်ပုံး ရှာဖွေရှင်းလင်းရေး ရေငုပ်သင်္ဘောငယ် တီထွင်ပြသ

ဟမ်ရှိုင်းယား ဧပြီ ၁

ပင်လယ်ပြင်၌မပေါက်ကွဲသေးသည့် ရေမြုပ်ပုံးများကို ရှာဖွေဖျက်ဆီးပစ်မည့် လူမလိုက်ပါသော ရေငုပ်သင်္ဘောတစ်စီးကို ဗြိတိန်နိုင်ငံ ဟမ်ရှိုင်းယားမြို့၌ မတ် ၂၈ ရက်က ပြသခဲ့သည်။

မော်တော်ယာဉ်အသေးစားအရွယ်ရှိ ထိုရေငုပ်သင်္ဘောကို တာလစ်မင်းဟု အမည်ပေးထားသည်။ ဝါတာလူးဗီး၌ ကီအေအီးစစ္စတမ်က ထိုရေငုပ်သင်္ဘောငယ်ကို တည်ဆောက်ခြင်းဖြစ်သည်။



ဗြိတိန်နိုင်ငံ ဟမ်ရှိုင်းယားမြို့၌ ရေမြုပ်ပုံးများ ရှာဖွေဖျက်ဆီးမည့် ရေငုပ်သင်္ဘောကို မတ် ၂၈ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

ဖောက်ခွဲဖျက်ဆီး

ထိုရေငုပ် သင်္ဘောငယ်သည် ရေအောက်မီတာ ၁၅၀အထိ ဆင်းသက်နိုင်ပြီး အဝေးထိန်း စက်ရုပ်များကို အသုံးပြုကာ မပေါက်ကွဲသေးသော ရေမြုပ်ပုံးများကို ဖောက်ခွဲဖျက်ဆီးပစ်နိုင်သည်။

အသုံးပြုရန်

ရေငုပ်သမားအတွက် ရေမြုပ်ပုံးများရှင်းရာ၌ အန္တရာယ်ရှိသည့် အခါတွင် ထိုရေငုပ်သင်္ဘောငယ်ကို အသုံးပြုရန် ဖြစ်သည်ဆို၏။

(အင်တာနက်)

ဩစတြေးလျ၌ ရေယာဉ်နှစ်စီးတိုက်မိ

ဆစ်ဒနီ ဧပြီ ၁

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ ဆစ်ဒနီတံတားအောက်တွင် မတ် ၂၈ ရက်က ကူးတို့ သင်္ဘောတစ်စီးနှင့် ပုဂ္ဂလိကမော်တော်တစ်စီးတို့ တိုက်မိရာ သုံးဦးသေဆုံးပြီး၊ ရှစ်ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း၊ ၁၄ နှစ်အရွယ် မိန်းကလေးတစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း မီဒီယာများက ဖော်ပြသည်။

အဆိုပါ မတော်တဆမှုမှာ မတ် ၂၈ ရက် ည ၁၁ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပျောက်ဆုံးလျက်ရှိသော မိန်းကလေးအား ကြိုးစားရှာဖွေလျက်ရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကားဗုံးပေါက်ကွဲမှုနှင့် ပစ်ခတ်မှုတို့ကြောင့် ဘဂ္ဂဒက်မြို့၌ နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် မတ် ၂၈ ရက်က သီးခြားစီဖြစ်ပွားသော ကားဗုံးခွဲမှုနှင့် စက်သေနတ်များဖြင့် ပစ်ခတ်မှုတို့ကြောင့် နှစ်ဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

ဘဂ္ဂဒက်မြို့တောင်ပိုင်း ဘိုင်ရာပြည်နယ်ရှိ ကားရပ်နားစခန်းတွင် ကားဗုံးပေါက်ကွဲသဖြင့် နှစ်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဒဏ်ရာရရှိ

ဘဂ္ဂဒက်မြို့အရှေ့မြောက်ပိုင်းရှိ အလ်ဘူနော့ဂျ်မြို့ရှိ လူနေရပ်ကွက်အတွင်း စက်သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိသွားကြောင်း အဆိုပါသတင်းတွင် ပါရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

တရုတ်အနုပညာရှင်များ၏ ဆပ်ကပ်စွမ်းရည်

ထူးခြားသော ပြကွက်တစ်ခုကို တရုတ်အနုပညာရှင်များက ပြသနေစဉ်။ (ယာပုံ)

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် တရုတ်အနုပညာရှင်များ ဆပ်ကပ်စွမ်းရည်ပြပွဲတစ်ရပ်ပြသခဲ့ရာတွင် တိုင်တစ်ခုပေါ်၌ တရုတ်အနုပညာရှင်နှစ်ဦးက တက်ရောက်ပြီး ခြေ၊ လက်များတွင် ဆီမီးခွက်များ ထွန်းညှိကာ ပုံဖော်စွမ်းရည် ပြသခဲ့ကြောင်း သိရသည်။

(အင်တာနက်)



ဗီယက်နမ်၏ ပင်လယ်အစားအစာထုတ်ကုန်များ ပြည်ပသို့တင်ပို့ရောင်းချမှု မြင့်တက်

ဟနွိုင်း ဧပြီ ၁

ဗီယက်နမ်နိုင်ငံ၏ ပင်လယ်အစားအစာထွက်ကုန်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရောင်းချမှုသည် ယခုနှစ် ပထမလေးလတာကာလအတွင်း အမေရိကန်ဒေါ်လာ ၆၇၈ သန်းရရှိရန် မျှော်မှန်းထားကြောင်း၊နှစ်ချင်းအလိုက်မြင့်တက်မှုမှာ ၁၁ ဒသမ ၉ ရာခိုင် နှုန်းရှိမည်ဖြစ်ကြောင်း သိရသည်။

တင်ပို့မှု

ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုနှစ်တွင် ပင်လယ်အစားအစာထုတ်ကုန်များ ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံဝင်ငွေရရှိရန် ရည်မှန်းချက်ထားရှိကြောင်း ဗီယက်နမ် ပင်လယ်အစားအစာတင်ပို့မှုနှင့်ထုတ်လုပ်မှုအဖွဲ့က မတ်၃၀ရက်၌ ပြောကြားသည်။

ထိုသို့တင်ပို့မှုတွင် ၂၀၀၆-၂၀၁၀ ခုနှစ်အတွင်း ပင်လယ် အစားအစာထုတ်လုပ်မှုမှ တိုးတက်မှုကိုးရာခိုင်နှုန်းကျော်ရရှိရန်လည်း ရည်မှန်းချက်ထားရှိသည်။ ထို့အပြင် ၂၀၁၀ ပြည့်နှစ်၌ ပင်လယ်အစားအစာတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဘီလီယံမှ ၄ ဒသမ ၅ ဘီလီယံအထိ ရရှိမည်ဟု မျှော်မှန်းထားသည်။

ဗီယက်နမ်နိုင်ငံ၏ အမျိုးအစားကွဲပြားသော ပင်လယ်အစားအစာများကို အမေရိကန်၊ ဥရောပသမဂ္ဂ၊ ဂျပန်၊ ကနေဒါ၊ တောင်ကိုရီးယားနှင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများ၊ အရှေ့ဥရောပ၊ အာဖရိကနှင့် တောင်အမေရိကနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂင်းနစ်မှတ်တမ်းဝင် ငှက်ပျောသီးစားပြိုင်ပွဲ

ကမ္ဘာပေါ်တွင် လူအရေအတွက် အများဆုံး ငှက်ပျောသီးစားပြိုင်ပွဲ ကျင်းပစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ နန်နင်းမြို့တွင် လူအရေအတွက် အများဆုံး ငှက်ပျောသီးစားပြိုင်ပွဲတစ်ရပ် မကြာမီကကျင်းပရာ ပြိုင်ပွဲဝင်သူ ရာပေါင်းများစွာတို့က တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြပြီး ကမ္ဘာပေါ်တွင် လူအရေအတွက် အများဆုံး ငှက်ပျောသီးစားပြိုင်ပွဲအဖြစ် ဂင်းနက်စ် မှတ်တမ်းဝင်မည် ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဝန်ကြီးဦးအောင်သောင်းအား ထိုင်းနိုင်ငံ‌ဧည့်သည်တွေ့ဆုံ

နေပြည်တော် ဧပြီ ၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းအား မတ်၃၀ရက် နံနက် ၁၁နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ United Nations Industrial Development Organization (UNIDO) ရုံး အကြီးအကဲ Mrs. Ayumi Fujino ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဦးစီးဌာနနှင့်လုပ်ငန်းအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပူချိန်

၁-၄-၂၀၀၇

နေပြည်တော်	၄၂	ဒီဂရီစင်တီဂရိတ်
မြစ်ကြီးနား	၃၆	ဒီဂရီစင်တီဂရိတ်
ကျောက်တော်၊ကလေးဝ	၃၈	ဒီဂရီစင်တီဂရိတ်
သီပေါ	၃၉	ဒီဂရီစင်တီဂရိတ်
ရန်ကုန်(ကမ္ဘာအေး)	၄၀	ဒီဂရီစင်တီဂရိတ်
မုံရွာ၊ ပြည်၊ ဟင်္သာတ	၄၁	ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၄	ဒီဂရီစင်တီဂရိတ်

ဝိနယာနုဂ္ဂဟအသင်း စိန်ရတုစာတော်ပြန်ပွဲ ဆုနှင်းသဘင်ကျင်းပ

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်း၏ (၇၅)ကြိမ်မြောက် စိန်ရတုစာတော်ပြန်ပွဲ ဆုနှင်းသဘင် အခမ်းအနားကို မတ်၂၅ရက် နံနက် ၉နာရီတွင် ပုဇွန်တောင် မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ကျင်းပရာ ပရိသတ်များက နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားသော မေတ္တသုတ် ပရိတ်တရားတော်နှင့် နိုင်ငံတော်ဩဝါဒါစရိယ ဘုရားဖြူကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနရိန္ဒာဘိဝံသ ချီးမြှင့်သော ဩဝါဒကထာကိုနာယူကြသည်။

ဖတ်ကြား

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက စိန်ရတုစာတော်ပြန်ပွဲဆိုင်ရာများလျှောက်ထားပြီး တာဝန်ရှိသူများ၊ ဧည့်သည်တော်များနှင့် အလှူရှင်များက ကြွရောက်တော်မူကြသော ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများဆက်ကပ်ကြပြီး စာပြန်ပွဲတွင်အထူးအောင်မြင်ကြသော အတန်းစုံမှ ပထမဆုရ အရှင်သူမြတ်တို့၏ ထေရုပ္ပတ္တိများကို ဖတ်ကြားသည်။

ဆက်ကပ်

ဆက်လက်၍ ဂုဏ်ထူးဖြင့် အောင်မြင်ကြသော စာအောင်သံဃာတော်များအား ဘွဲ့တံဆိပ်၊ အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျန်စာအောင်သံဃာများအား အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်၍ ဘုရားဖြူဆရာတော်ကြီး ဘဒ္ဒန္တနရိန္ဒာဘိဝံသထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ (၇၅)ကြိမ်မြောက် ဘုရားဖြူ စိန်ရတုစာတော်ပြန်ပွဲတွင် ဝိနယပါရဂူ (စာချတန်း)တွင် ရှစ်ပါး၊ဝိနယဝိသာရဒ(အကြီးတန်း)တွင် သုံးပါး၊ဝိနယကောသလ္လ(အငယ်တန်း)တွင် ၁၇ပါး၊ ဝိနယ မူလ(မူလတန်း)တွင် ၂၈၅ပါး ဖြေဆိုအောင်မြင်ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန ၂၀၀၆– ၂၀၀၇ ပညာသင်နှစ် ကျောင်းဆင်းပဒေသာကပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ကျောင်းဆင်းပဒေသာကပွဲ အခမ်းအနားကို မတ်၃၀ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဆရာမများ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူလေးများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကလေး သူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ကျောင်းဆင်းပဒေသာကပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ကိုယ်စား ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်သဇင်နွယ်က အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အမှာစကား

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ကိုယ်စား ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်သဇင်နွယ်က အမှာစကား ပြောကြားသည်။

ပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင် ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါက်တာ ထွန်းရီက ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာနမှ ဆရာမများကို ဂုဏ်ပြု လက်ဆောင်များ ပေးအပ်ရာ ဆရာမများကိုယ်စား ဆရာမ ဒေါ်ထားထားရီကလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်ဒေါက်တာ ခင်မြဝင်းက ကျောင်းတက်မှန်ဆုရ ဆရာမများအား လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာသန်းဦးက ကျောင်းဆင်း လက်မှတ်များကို ပေးအပ်ရာ တန်းခွဲများကိုယ်စား ဆရာမ ဒေါ်ဆွေဆွေဝင်းက လည်းကောင်း လက်ခံယူကြသည်။

ဧည့်ခံဖျော်ဖြေ

ထို့နောက် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာနမှ ကျောင်းသား၊ ကျောင်းသူလေးများက ပဒေသာအကများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရုပ်ရှင်ဗဟုသုတ ဟောပြောပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် Studio 35 တို့ပူးပေါင်းစီစဉ် ကျင်းပသော ရုပ်ရှင်ဗဟုသုတဟောပြောပွဲကို ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်း အမှတ်၁၆ ရှိ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက အဖွဲ့ဝင်များ၊ ဥက္ကဋ္ဌဦးကြည်စိုးထွန်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအလွှာအသီးသီးမှ အမှုဆောင်များနှင့် အဖွဲ့ဝင်များ၊ Studio 35 မှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းနှင့် ဒါရိုက်တာ အဖွဲ့ဝင်များ၊ Studio 35 မှ ရုပ်ရှင်သရုပ် ဆောင်သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသူများနှင့် ရုပ်ရှင်ဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက အမှာစကားပြောကြားသည်။

ပြန်လည်ဖြေကြား

ထို့နောက် Studio 35 မှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းက " Video to Film Vs Film to Film "ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Studio 35 မှ စက်မှုပိုင်းဆိုင်ရာ မန်နေဂျာဦးကျော်စိုးလွင်က "E-Movie (studio)" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှဦးမျိုးဝင်းက "E-Movie (Theater)" ခေါင်းစဉ် ဖြင့်လည်းကောင်း ဟောပြောကြပြီး တက်ရောက်လာကြသူများ၏ သိလိုသည့်အချက်များကို ပြန်လည်ဖြေကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် Studio 35 တို့ ပူးပေါင်းစီစဉ်ကျင်းပသော ရုပ်ရှင်ဗဟုသုတ ဟောပြောပွဲတွင် Studio 35 မှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်း ဟောပြောစဉ်။
(သတင်းစဉ်)

အမှတ်(၀၀၁) သမိုင်း CNG အရောင်းဆိုင်၌ မော်တော်ယာဉ်များ သဘာဝဓာတ်ငွေ့ဖြည့်နေကြစဉ်။
(စွမ်းအင်)

သမိုင်း CNG အရောင်းဆိုင် သဘာဝဓာတ်ငွေ့ ပြန်လည်ရောင်းချ

ရန်ကုန် ဧပြီ ၁

စက်ချွတ်ယွင်းမှုကြောင့် အရောင်းရပ်ထားသော အမှတ်(၀၀၁) သမိုင်း CNG အရောင်းဆိုင်အား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ပညာရှင်များက နေ့ရောညပါ ပြုပြင်ခဲ့ရာ မတ် ၂၅ရက်တွင် ပြင်ဆင်ပြီးစီးခဲ့ပြီး သဘာဝဓာတ်ငွေ့များ ချက်ချင်းပြန်လည်ရောင်းချနိုင်ခဲ့သဖြင့် ယာဉ်ပိုင်ရှင်များ ယခင်ထက် ပိုမိုလျင်မြန်စွာ သဘာဝဓာတ်ငွေ့ ဝယ်ယူနိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေး ရှောင် မလောင်ခင် တား

လှိုင်သာယာမြို့နယ် သမိုင်းဝင် သက်သာပန်းတောင်း ရွှေရင်အေးစေတီ ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် စိန်ဖူးတော်တင်လှူပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းကျေးရွာအုပ်စု ကျုံစုကျေးရွာရှိ သမိုင်းဝင် သက်သာပန်းတောင်း ရွှေရင်အေးစေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ စိန်ဖူးတော်တင်လှူခြင်းနှင့် အရှေ့ဘက်မုခ်ဦး စောင်းတန်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက သမိုင်းဝင်သက်သာပန်းတောင်း ရွှေရင်အေးစေတီတော်၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်ကြည်ညို၍ စေတီတော်အထွတ်၌ စိန်ဖူးတော်ကို တင်လှူပူဇော်သည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရွှေ တို့က စေတီတော် အရှေ့ဘက်မုခ်ဦး စောင်းတန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကိုးပါးသီလခံယူ

ထို့နောက် အခမ်းအနားကို စေတီတော်ရင်ပြင်ပေါ်ရှိ မင်္ဂလာမဏ္ဍပ်၌ ဆက်လက် ကျင်းပရာ မဟာသဒ္ဓမ္မဇောတိကဓဇ ကွက်သစ်ကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသီရိထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် အရှင်သူမြတ်တို့ ရွတ်ပွား သရဇ္ဈာယ် ချီးမြှင့်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူးက ဆရာတော် အရှင်သူမြတ်တို့အား စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များ ဆက်ကပ်လှူဒါန်းပြီး ဆရာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စေတီတော် ဘက်စုံ တည်ဆောက်ရေးအတွက် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ် ၁၀သိန်းအပါအဝင် စေတနာရှင် အလှူရှင်များက အလှူငွေကျပ် ၁၆၇၂၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

ရေစက်သွန်းချ အမျှဝေ

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် အဘိဓမ္မာ မဟာဌာန နည်းပြ၊ သာသနာ့တက္ကသီလ မဟာဓမ္မာစရိယ ဘဒ္ဒန္တပညာနန္ဒဟောကြားတော်မူသော အနုမောဒနာတရားကို တိုင်းမှူးနှင့် ဧည့်ပရိသတ်များက နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စေတီတော်အထွတ်၌ တင်လှူမည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် တိုင်းမှူးနှင့် တာဝန်ရှိသူများက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော် အထွတ်၌ တင်လှူပူဇော်ကြသည်။

ယင်းနောက် စေတီတော်ရင်ပြင်တော်၌ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တင်လှူပူဇော်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း လှိုင်သာယာမြို့နယ် ရွှေလင်ပန်း ကျေးရွာအုပ်စု ကျုံစု ကျေးရွာရှိ သမိုင်းဝင် သက်သာ ပန်းတောင်း ရွှေရင်အေး စေတီတော်တွင် ငှက်မြတ်နား တော်အား တင်လှူပူဇော်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့မှ အထူးကုဆရာဝန်ကြီးများ ထန်းတပင်မြို့နယ်၌ အခမဲ့ကွင်းဆင်းကုသပေး

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်လေးကြီး ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်ရှိ လူနာများအား အခမဲ့ကွင်းဆင်း ကုသပေးကြသည်။ (အပေါ်ပုံ)

ပါဝင်ကုသပေး

အဆိုပါအဖွဲ့တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေးနှင့် ကလေးအထူးကု၊ သွားအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု၊ ခွဲစိတ်အထူးကု၊ အထွေထွေရောဂါအထူးကု၊ အရိုး၊ အကြော၊ အဆစ် အထူးကု၊ အရေပြား အထူးကု၊ မျက်စိ အထူးကုနှင့် သားဖွားနှင့် မီးယပ်အထူးကု ဆရာဝန်ကြီးများ ပါဝင်ကုသပေးကြသည်။

အထူးကုဆရာဝန်များအဖွဲ့သည် ထန်းတပင်မြို့နယ် နှင့် အနီးပတ်ဝန်းကျင် မြို့နယ်နှင့် ကျေးရွာများမှ လူနာပေါင်း ၃၃၄ ဦးကို စမ်းသပ်ကြည့်ရှု ကုသပေးကြပြီး လိုအပ်သော လူနာများကို သက်ဆိုင်ရာဆေးခန်း၊ ဆေးရုံများသို့ ညွှန်ကြားပို့ပေးကြသည်။

ကူညီပံ့ပိုးပေး

အထူးကု ဆရာဝန်များအဖွဲ့ကို ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ဆေးဝန်ထမ်းများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် စေတနာရှင် မြို့မိမြို့ဖများက ကူညီပံ့ပိုးပေးကြသည်။

အခမဲ့ပေးဝေ

အထူးကု ဆရာဝန်များအဖွဲ့သည် လူနာများအား ဆေးနှင့်ဆေးဝါးပစ္စည်းများ၊ မျက်စိလူနာများအား မျက်မှန်များကို အခမဲ့ပေးဝေခဲ့ကြသည်။

(သတင်းစဉ်)

ရွှေဖိနပ်ရှပ်တိုက်စီး ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၁

ဆရာချစ်နိုင် (စိတ်ပညာ) ရေးသား၍ နိုင်စာပေမှ ထုတ်ဝေဖြန့်ချိသော ရွှေဖိနပ်ရှပ်တိုက်စီး စာအုပ် ထွက်ရှိလာသည်။

ဤစာအုပ်နှင့် ပတ်သက်၍ စာရေးသူက ၂၀၀၆ခုနှစ်အတွင်း စာရေးသူ သွားရောက်ခဲ့သော ပြည်တွင်းခရီးသွားမှတ်တမ်းအချို့နှင့် ဒို့ကျေးရွာ (တို့ကျေးရွာ ဂျာနယ်)၌ ခေါင်းကြီးအတွက် ရေးသားခဲ့သောစာအချို့ကို စုစည်းဖော်ပြထားကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ စည်းရုံးရေး၊ အုပ်ချုပ်ရေး အမြင်များဖြင့် အနာဂတ်ကာလကို ပိုမိုတောက်ပ လင်းလက်အောင် အကောင်အထည် ဖော်ကြရမည့် လူငယ် လူရွယ်များ အတွက် အထောက်အကူဖြစ်စေလိမ့်မည်ဟု ယုံကြည်ပါကြောင်း ဖော်ပြထားသည်။

စာအုပ်တန်ဖိုးမှာ ငွေကျပ် ၁၀၀၀ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သကြိန်တွင်းတရားစခန်းပွဲများ

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ကြည့်မြင်တိုင်မြို့နယ် ဘလုတ်ညွှန့်ရပ်ကွက် သာသနာ့ရောင်ခြည် ခါတော်မှီကျောင်းတိုက်၌ ခါတော်မှီ ဆရာတော် ဘဒ္ဒန္တသုမန(သာသနာ့ဓဇ ဓမ္မာစရိယ)က ဦးစီး၍ သကြိန်တွင်း မိုးကုတ်ဝိပဿနာတရားစခန်းပွဲ ကျင်းပမည် ဖြစ်သည်။

တရားစခန်းပွဲတွင် ရွှေတိဂုံစေတီတော်ရင်ပြင် တိ/ဂုံ- ဝိပဿနာပြန့်ပွားရေးအသင်းကြီး၏ ဝိပဿနာ ကမ္မဋ္ဌာန်းနည်းပြ ပွင့်ဖြူဆရာတော် ဘဒ္ဒန္တသမ္မာစာရက မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ် သင်တန်းတရားတော်နှင့် ခန္ဓာဉာဏ်စိုက် သစ္စာဆိုက် ဝိပဿနာ အလုပ်ပေးတရားတော် ဟောကြားသွားမည်ဟု သိရသည်။

ရတနာဥဏ်ရောင် ဓမ္မရိပ်သာ သကြိန် ၁၀ ရက် တရားစခန်းပွဲ

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ကြည်စုရပ်ကွက် ရတနာဉာဏ်ရောင် ဓမ္မရိပ်သာ ကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သကြိန် ၁၀ ရက် တရားစခန်းပွဲကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဩဝါဒအတိုင်း ဧပြီ ၈ရက်မှ၁၇ရက်(နှစ်ဆန်းတစ်ရက်နေ့)အထိ ဝိပဿနာ အလုပ်ပေးတရားများကို ရတနာဉာဏ်ရောင် ဓမ္မရိပ်သာကျောင်းတိုက်နှင့် ကာလီဖိုးနီးယားပြည်နယ် Daly Cityမြို့ ရတနာဉာဏ်ရောင် ဓမ္မရိပ်သာကျောင်းတိုက်၊ Indianaပြည်နယ်၊ Fort Wayneမြို့ ရတနာဉာဏ်ရောင် ဓမ္မရိပ်သာကျောင်းတိုက်တို့၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တတေဇဝန္တ(ကမ္မဋ္ဌာနာစရိယ) ကိုယ်တိုင်ဟောကြားမည် ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများနှင့် ဒုလ္လဘ၊ သီလရှင်ဝတ်လိုသူများနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်လိုသူများ ရိပ်သာ ဖုန်း- ၅၄၃၃၅၅ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်သည်။

မင်္ဂလာဒုံမြို့နယ် အမရဝတီကျောင်း သကြိန်ဒုလ္လဘ တရားစခန်း

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်း စံပြကျေးရွာရှိ အမရဝတီကျောင်းတိုက် ပဓာနနာယက ဆရာတော် (ပြည်တွင်း၊ ပြည်ပ သာသနာပြု) ဘဒ္ဒန္တရေဝတ(သဒ္ဓမ္မဇောတိကဓဇ)ဦးစီး၍ ဧပြီ ၁၃ ရက်မှ ၁၇ ရက်အထိ သကြိန်တွင်း ဒုလ္လဘ တရားစခန်းကို ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းတွင် နိုင်ငံကျော် ဓမ္မကထိက ဆရာတော်များက ညစဉ် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြား၍ အရှင်နေမုညာဘိဝံသက ဝိပဿနာအလုပ်ပေးတရားတော်များကို ဟောကြား ပြသမည်ဖြစ်ပြီး သကြိန်တွင်း ဒုလ္လဘ တရားစခန်း ဝင်လိုသူများသည် အမရဝတီ သာသနရက္ခိတအဖွဲ့ ဦးညိုအေး ဖုန်း- ၅၇၂၆၃၈၊ ၀၉-၅၁၉၄၇၆၅၊ ဦးမြတ်မျိုးသန့် ဖုန်း- ၀၉-၅၀၀၀၈၃၈နှင့် အမရဝတီကျောင်းတိုက် အရှင်ဝိသုဒ္ဓ(ဝိမုတ္တိသုခစံကျောင်း)တို့သို့ စာရင်းပေးသွင်းနိုင်ပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အအေးလှူဒါန်းလိုသော စေတနာရှင်များလည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကိုးဘွဲ့ရ ဆရာတော် သကြိန်တရားစခန်းပွဲ

စစ်ကိုင်းတောင်ရိုး ရွှေဟသာ်တိုက်သစ်ကျောင်းတိုက်မှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဧပြီ ၁၃ ရက်မှ ၁၇ ရက်အထိ (သကြိန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ)သကြိန်အတွင်း တရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ နံနက် ၈နာရီရောက်၊ ညနေ ၄နာရီပြန်၊ အခမဲ့ကျွေးမွေး၊ တရားပေးမည် ဖြစ်ပြီး အခြေခံဝိပဿနာသင်တန်း တရားတော်များကိုပါ ကိုးဘွဲ့ရဆရာတော် ကိုယ်တိုင်သင်ကြားပို့ချပေးမည်ဖြစ်ရာ တရားစခန်း ဝင်ရောက်လိုကြသည့် ယောဂီများသည် တရားစခန်းကျင်းပရာ မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် ကျိုက်ဝိုင်းဘုရား တနင်္ဂနွေထောင့်ရှိ ပေါက်တန်းဒိတ်ကုန်းကျောင်းတိုက်နှင့် ဆရာတော်ဖုန်း-၀၉-၂၁-၃၀၈၉၅၊ ၀၉-၉၉-၇၀၄၈၆၊ ၀၁-၇၀၈၄၀၃ တို့သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း သိရသည်။

သင်္ဃန်းကျွန်းမြို့နယ် ဘောဂဝတီကျောင်း သကြိန်တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် (၈)ရပ်ကွက် ကံ့ကော်မြိုင်လမ်း ဘောဂဝတီ ကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သကြိန်တရားစခန်းပွဲကို ၁၃၆၈ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၀ ရက်မှ ၁၃၆၉ ခုနှစ် ကဆုန်လဆန်း ၂ ရက် (ဧပြီ ၁၁ ရက်မှ ၁၇ ရက်)အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင် အားထုတ်ကြမည့် ယောဂီများ ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် ဧပြီ ၁၀ ရက်ညနေအရောက် လာရောက်ကြရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။

အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ကလေးမြို့ချမ်းမြေ့အောင်စည် ကတ္တရာလမ်းဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဧပြီ ၁

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ်၂၄ရက် နံနက်ပိုင်းက ကလေးမြို့နယ် ကျီကုန်းကျေးရွာရာဇဂီရိ ကုန်းတော်ပေါ်ရှိ မဟာသာက ပဋိမာရေဆန်ကျွန်း မြတ်ဗုဒ္ဓရုပ်ပွားတော် ဂန္ဓကုဋိတိုက်တည်ဆောက်သည့်နေရာသို့ သွားရောက်၍ ရေဆန်ကျွန်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

တက်ရောက်

ဆက်လက်၍ တိုင်းမှူးသည် ကလေးမြို့ ပင်လုံရပ်ကွက် ချမ်းမြေ့အောင်စည်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ရာ အစီအစဉ်အရ ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က ကတ္တရာလမ်းသစ်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ပေးအပ်

ထို့နောက် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးက တိုင်းမှူးနှင့်တာဝန်ရှိသူများအား ပေးအပ်သည်။

ဖွင့်လှစ်

ယင်းနောက် ကလေးမြို့နယ်ဥက္ကဋ္ဌ၊ ကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့်တက်ရောက်လာကြသူများသည် လမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

အကုန်အကျခံ

အဆိုပါ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်သည် အရှည်ပေ ၂၉၀၀၊ အကျယ် ၁၂ပေရှိပြီး စည်ပင်သာယာရေး ခွင့်ပြုရန်ပုံငွေကျပ် ၅၃သိန်းငါးသောင်းနှင့် ဒေသခံပြည်သူများ ထည့်ဝင်ငွေကျပ်သိန်း ၅၀ ကျော်စုစုပေါင်း ငွေကျပ် ၁၀၃သိန်း ကျော်အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကလေးမြို့ မြစ်သားရွှေရည်ရေနံကုန် ထုတ်သမဝါယမအသင်း၏ အဆင့်မြင့်မိုတယ်သို့လည်းကောင်း၊ ကလေးမြို့ ဈေးဖြစ်မြောက်ရေး ကော်မတီက တာဝန်ယူတည်ဆောက်လျက်ရှိသော တာဟန်းဈေးသစ်သို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ကလေးမြို့ ပင်လုံရပ်ကွက် ချမ်းမြေ့အောင်စည်လမ်း ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစဉ်။

(သတင်းစဉ်)

သင်္ကြန်တရားစခန်း

ရန်ကုန် ဧပြီ ၁

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရွှေမင်းဝံသာသနာ့ရိပ်သာ ဆရာတော်ကြီး၏ ဩဝါဒကိုခံယူလျက် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ဗိုလ်ဗထူးလမ်း အမှတ်(၄)ရပ်ကွက် ရတနာသိခ်ာသာသနာ့ရိပ်သာတွင် ဧပြီ ၁၂ရက်မှ ၁၇ရက်အထိ ဒုတိယအကြိမ် သင်္ကြန် တွင်းတရားစခန်းဖွင့်လှစ်မည်ဟု သိရသည်။

အဆိုပါ သင်္ကြန်တရားစခန်းတွင် ရတနာသိခ်ာသာသနာ့ရိပ်သာဆရာတော် ဦးပဏ္ဍာဝ(ကမ္မဋ္ဌာနာစရိယ)က ဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူများနှင့် တရားစခန်းဝင်ယောဂီများအတွက်ဆွမ်းဒါနပြုလိုသူများသည် ဖုန်း-၅၅၅၅၀၅ နှင့် ၇၂၀၃၆၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ရန်ကုန်တိုင်းအတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများအား ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ တွေ့ဆုံမှာကြား

ရန်ကုန် ဧပြီ ၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အားဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိ သူများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

တွေ့ဆုံပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဌာနခွဲမှူး ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း ဦးစီးဌာနမှူး ညွှန်ကြားရေးမှူးဦးလှဒေါင်း၊ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြိုးပမ်းဆောင်ရွက်

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားရာ၌ ဝန်ထမ်းများသည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေအနေများကို မျက်ခြည်မပြတ် လေ့လာ၍ နားလည်သဘောပေါက်ပြီး မိမိတို့ လုပ်ငန်းများ အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အနေဖြင့် ရည်မှန်းချက်တာဝန်များကို စနစ်တကျ၊ မှန်ကန်မြန်ဆန်ရေးအတွက် ဂရုပြုကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်း၊ ခရိုင်ဦးစီး ဌာနမှူးများသည် မြို့နယ်အဆင့်သို့ မျက်ခြည်မပြတ် ကွင်းဆင်းစစ်ဆေး ကြပ်မတ်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုကြောင်း၊ ဝန်ထမ်းများသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ရန်ကုန်တိုင်း ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်းက ရန်ကုန်တိုင်းအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် တာဝန်ရှိသူတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊အမှတ်(၁၄)ဖြန့်ချိ

ရန်ကုန် ဧပြီ ၁

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊အမှတ်(၁၄)တွင် မဟာသင်္ကြန်အထူး သတင်းကဏ္ဍများနှင့်အတူ မြန်မာနိုင်ငံ၏ပကတိအခြေအနေများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၇)နေပြည်တော်တွင် ကျင်းပ၊ ယခုနှစ်သင်္ကြန်တွင် အပူရှိန်ပြင်းနိုင်သဖြင့် အရက်သောက်လည်သူများ အသက်အန္တရာယ်စိုးရိမ်ရ၊ ကျီးငှက်များ မကြာခဏပြုတ်ကျတတ်၍ အိမ်မွေးကြောင်များကို ဂရုစိုက်စောင့်ကြည့်ရန်လို၊ ကျပ်သိန်းရှစ်ဆယ်တန် သင်္ကြန်အထူးဂျစ်ကား ဆယ့်ငါးရက်အတွင်း အပြီးဆောင်ရွက်ပေးမည်၊ မကာအိုဟိုတယ်ဘာသာရပ်ဆိုင်ရာကောလိပ်က မြန်မာကျောင်းသား၈၀၀ခန့် ခေါ်ယူမည်စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

'ဘယ်သူဂိုးသွင်းဘုရင်လဲဆိုတဲ့ အမေးဘယ်လိုအဖြေပေးမလဲ' အားကစားဆောင်းပါးနှင့်အတူ အမေရိကန်သူခိုးလမ်းညွှန်ဆိုင်းဘုတ်လည်းမချန်၊ အခြေခံပညာသင်ကလေးများ၏ အဝလွန်ပုံရိပ်တိုက်ဖျက်ရေးအစီအစဉ် စင်ကာပူတွင် ပြန်လည်ရုပ်သိမ်းရ၊ စီးပွားရေးသုံးဂျက်လေယာဉ်ကြီးများ ထုတ်လုပ်ရန် တရုတ်နိုင်ငံ ဆုံးဖြတ်စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးဖြန့်ချိထားသည်။ **(သတင်းစဉ်)**

မူးယစ်ကင်းစင် အလှဆင်

အင်တာနက် ကျန်းမာရေး

ကလေးငယ်ရှိသော မိဘများတစ်နှစ်လျှင်နှစ်လခန့်အိပ်ရေးပျက်

ကလေးငယ်များ မွေးဖွားပြီးအချိန်မှ တစ်နှစ်အတွင်း မိဘများအနေဖြင့် စုစုပေါင်း နှစ်လခန့် အိပ်ရေးပျက်ကြရကြောင်း သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြထားသည်။

ဖော်ပြ

မိခင်နှင့်ဖခင် ၅၀၀တို့အား သုတေသနပြုလေ့လာခဲ့ရာ တစ်ညလျှင် အိပ်ချိန် ၁နာရီခွဲခန့် အိပ်ရေးပျက်ခဲ့ကြရကြောင်း၊ သီတင်းတစ်ပတ် လျှင် တစ်ညခန့်သာ အိပ်ရေးဝဝ အိပ်နိုင်ကြကြောင်း လေ့လာတွေ့ရှိရသည် ဟု ဗြိတိန်နိုင်ငံမှ သုတေသနပညာရှင်များ၏ စစ်တမ်း၌ ဖော်ပြသည်။

အထူးသဖြင့် မိခင်များက ပိုမိုအိပ်ရေးပျက်တက်ကြပြီး အိပ်ချိန်အနည်းငယ်သာ ရရှိတတ်ကြကြောင်း၊ ထိုသို့သော အိပ်ရေးမဝသည့် မိခင်အရေအတွက်မှာ ထက်ဝက်ခန့်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

နိုးတတ်

မိဘများအနေဖြင့် ညအချိန် ကလေးငယ်များ ငိုသည့်အခါ စက္ကန့် ၃၀အတွင်း နိုးတတ်ကြသည့် မိခင်များမှာ ၄၂ ရာခိုင်နှုန်းရှိပြီး ကလေးထိန်းရှိသော မိခင်များက ကလေးငယ်ငိုပြီး ငါးမိနစ်အကြာအိပ်ရာမှ နိုးတတ်ကြသည်ဟုဆိုသည်။

အကူအညီလို



ထို့ကြောင့် ကလေးငယ်များရှိသောမိဘများအတွက် အကူအညီပေး မည့်သူများလိုအပ်ကြောင်း ဗြိတိန်နိုင်ငံ ရှိုင်ရယ်ကောလိပ်မှ သုတေသနပညာရှင် မာဗီကျိုကင်းက ပြောကြားသည်။

(အင်တာနက်)

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်အား ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် အမှုဆောင်နှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဧပြီ ၁

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်အား အာရှအဆင့်လက်ဝှေ့ဒိုင်လူကြီးသင်တန်းအတွက် ရန်ကုန်မြို့သို့ ရောက်ရှိနေကြသော ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ် အမှုဆောင်အာရှလက်ဝှေ့အဖွဲ့ချုပ် ဒိုင်လူကြီးကော်မတီဥက္ကဋ္ဌ ဆီးရီးယားနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Shbib M. Kamel နှင့် အာရှလက်ဝှေ့အဖွဲ့ချုပ်အမှုဆောင် ဖိလစ်ပိုင်နိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး Mr. Rogelio Fortalezaတို့သည် မတ်၃၀ရက်တွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အတူ ဒုတိယဥက္ကဋ္ဌ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးသိန်းအောင်နှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ရခိုင်ပြည်နယ် အသင်းအမှုဆောင်များနှင့် တွေ့ဆုံ ဒေသအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရေး မှာကြား

ရန်ကုန် မေ ၃၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ်၂၉ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဗန္ဓုလရိပ်သာ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးဦးကျော်ရင်က လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စည်းရုံးရေး ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

လက်တွေ့ဆောင်ရွက်

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု အင်အားစုသုံးရပ်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီးသည် အမျိုးသားနိုင်ငံရေး တာဝန်များကိုဆောင်ရွက်ရန် ဆန္ဒအလျောက် ဝင်ရောက်လာသူများနှင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အသင်းဝင်များသည် အမျိုးသားရေး အင်အားစု အဖြစ်ရပ်တည်ပြီး ဒေသအကျိုးပြု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ အရည်အချင်းပြည့်ဝပြီး ယုံကြည်ချက်၊ ခံယူချက်မြင့်မားသည့် အသင်းဝင်များ၊ အများအကျိုး ဆောင်ရွက်နိုင်သည့် အသင်းဝင်များ ဖြစ်အောင် ထာဝရကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ အသင်းကြီးက ချမှတ်ပေးထားသော ရှေ့လုပ်ငန်းစဉ်များအတိုင်း နယ်မြေအတွင်းလိုအပ်ချက်များ ရှာဖွေ၍ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားသည်။

ဖြည့်ဆည်းပေး

ယင်းနောက် အထွေထွေအတွင်းရေးမှူးဦးဌေးဦးသည်အသင်းဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်ချက်များဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး စစ်တွေမြို့ ဗန္ဓုလရိပ်သာတွင် ရခိုင်ပြည်နယ်နှင့် ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များအား အမှာစကားပြောကြားစဉ်။

(လယ်/ဆည်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် လယ်ဝေးမြို့နယ် ပျဉ်းမနား(တောင်) သစ်ထုတ်ရေး ဒေသ၏ မဲဟော်ကြိုးဝိုင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ပျဉ်းမနား(တောင်)သစ်ထုတ်ရေး ဒေသကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် မတ်၃၁ရက်တွင် လယ်ဝေးမြို့နယ် မဲဟော်နယ်ရှိ ပျဉ်းမနား(တောင်) သစ်ထုတ်လုပ်ရေး ဒေသ၏တောင်စဉ် အေးသစ်ဆိပ်သို့ရောက်ရှိရာ သစ်ဆိပ်ရှင်းလင်းဆောင်၌ ဒေသမန်နေဂျာ ဦးဝင်းမော်က ယခုနှစ်အတွက် သစ်ထုတ်လုပ်ပြီးစီးမှုအခြေနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် သစ်ဆိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

လိုအပ်ချက်များမှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနား(တောင်)သစ်ထုတ်ရေးဒေသ၏ မဲဟော်ကြိုးဝိုင်းအတွင်းသို့ရောက်ရှိ၍ သစ်ထုတ်လုပ်နေသည့် အခြေအနေနှင့် သစ်တောကြိုးဝိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့်သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအေးမြင့်မောင်တို့က ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်းမပေါ်နှင့်

မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် နာယက ဦးဇော်လေး (General Group) ၂၀၀၇ခုနှစ် အကောင်းဆုံး အမျိုးသားလူငယ် ကြက်တောင် အားကစားသမားဆုရ အောင်ကြည်မင်းအား ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

ဒုတိယအကြိမ်မြောက် ဗန်တို(အတိုက်)ပြိုင်ပွဲ ကာကွယ်ရေးဝန်ကြီးဌာန တံခွန်စိုက်ဆုဆွတ်ခူး

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ခုနှစ် ဒုတိယအကြိမ်မြောက် ဗန်တို(အတိုက်)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်က အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပထမတံခွန်စိုက်ဒိုင်းဆုကြီးဆွတ်ခူးသွားပြီး ဒုတိယဆုကို ရန်ကုန်တိုင်းအသင်းနှင့် တတိယဆုကို ကချင်ပြည်နယ်အသင်းတို့က ရရှိသွားသည်။

အလှူငွေပေးအပ်

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်များ အပြီး အလှူငွေ ပေးအပ်ပွဲတွင် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံမှMr. Victor Smirnovက မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်သို့ အလှူငွေ ကျပ်ခြောက်သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံသိုင်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကျင်းပရာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် နာယကဒေါ်အေးအေးမူက အမျိုးသမီး (၄၁-၄၅)ကီလိုတန်းပြိုင်ပွဲတွင် အနိုင်ရရှိသူများအား လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီး (၄၅-၄၈) ကီလိုတန်းပြိုင်ပွဲတွင် အနိုင်ရရှိသူများအား လည်းကောင်း၊ မြန်မာနိုင်ငံသိုင်း အဖွဲ့ချုပ် နာယက ဒေါ်သက်သက်ဆွေက အမျိုးသမီး(၄၈-၅၃) ကီလိုတန်းပြိုင်ပွဲတွင် အနိုင်ရရှိသူများအား လည်းကောင်း၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အမှုဆောင် ဦးကျော်မင်းက အမျိုးသား(၄၁-၄၅) ကီလိုတန်းပြိုင်ပွဲတွင် အနိုင်ရရှိသူများ အားလည်းကောင်း၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် အမှုဆောင် ဦးအောင်ဌေးက အမျိုးသား(၄၅-၄၈)ကီလိုတန်းပြိုင်ပွဲတွင် အနိုင်ရရှိသူများအား လည်းကောင်း၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးဝင်းက အမျိုးသား(၄၈-၅၃)ကီလိုတန်းနှင့် (၅၃-၅၇) ကီလိုတန်းများတွင် အနိုင်ရရှိသူများအားလည်းကောင်း၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးဘိုဘိုဦးက အမျိုးသား (၅၇-၆၁)ကီလိုတန်းနှင့် (၆၁-၆၅) ကီလိုတန်းပြိုင်ပွဲများတွင် အနိုင်ရရှိသူများအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြသိန်းက အသင်းလိုက်တံခွန်စိုက်တတိယဆုရ ကချင်ပြည်နယ်အသင်းနှင့် ဒုတိယဆုရ ရန်ကုန်တိုင်းအသင်းများအား ဆုများပေးအပ် ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အကောင်းဆုံးအားကစားသမားဆုရ(၆၁-၆၅)ကီလိုတန်းမှ သန့်ဇင်ထွန်း (ပဲခူးတိုင်း)အား ဆုတံဆိပ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပထမတံခွန်စိုက်ဒိုင်းဆုရ ကာကွယ်ရေးဝန်ကြီးဌာန အသင်းအား မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်က တံခွန်စိုက်ဒိုင်းနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

(အပေါ်ဝဲပုံ)(မြန်မာ့အလင်း)

ရွှေစွန်ညိုကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် မေ ၃၁

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၄၃)နှစ်မြောက် ရွှေစွန်ညိုကြက်တောင်အသင်း ကြက်တောင်ပြိုင်ပွဲ၊ ဆုပေးပွဲနှင့် ထူးချွန်ကြက်တောင်အားကစားသမားများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီက အနော်ရထာလမ်းရှိ အမျိုးသားကြက်တောင်အားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်နာယက ဦးကြည်ညွှန့်နှင့် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ(ဂရိတ်ဝေါဆေးဝါးနှင့်ဆောက်လုပ်ရေးလုပ်ငန်း)တို့က ဂုဏ်ပြုအမှာစကား ပြောကြားကြပြီး ရွှေစွန်ညိုကြက်တောင်အသင်း အတွင်းရေးမှူး ဦးစည်သူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ ရွှေစွန်ညိုကြက်တောင်အသင်းဥက္ကဋ္ဌ ဦးအောင်သန်းက ဆရာဦးခင်လှိုင်အား ဂါရဝပြု လက်ဆောင်ပေးအပ်သည်။ ယင်းနောက် မြန်မာနိုင်ငံကြက်တောင် အဖွဲ့ချုပ်နာယကများ၊ ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ရွှေစွန်ညိုကြက်တောင်အသင်းဥက္ကဋ္ဌ ဦးအောင်သန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပြိုင်ပွဲအသီးသီး၌ ဆုရရှိသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရွှေစွန်ညိုကြက်တောင်အသင်းဥက္ကဋ္ဌဦးအောင်သန်းက ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီသူများကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးစည်သူက ဒိုင်အဖွဲ့ကိုလည်းကောင်း အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်လေး(General Group)က ရွှေစွန်ညိုကြက်တောင် အသင်းဂုဏ်ဆောင်ထူးချွန် အားကစားသမားများနှင့် ၂၀၀၇ခုနှစ်အကောင်းဆုံးလူငယ် ကြက်တောင်အားကစားသမား ဆုရ အမျိုးသား အောင်ကြည်မင်း၊အမျိုးသမီး ခင်ကေသီလွင်နှင့် အကောင်းဆုံး ကြက်တောင် အားကစားသမားဆုရ အမျိုးသား သံလွင်အောင်နှင့် အမျိုးသမီး လှိုင်မွန်ကြူတို့အားဆုများပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံကြက်တောင် အဖွဲ့ချုပ် နာယက ဦးကြည်ညွှန့်က ကြက်တောင် ချစ်သူများဖြစ်သည့် ဦးကျော်၊ ဦးကြူးရှောင်(ဇင်ယော်)နှင့် ဦးစိုးမြင့် (ငှက်ခါး)တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တေးသံသာများ၊ အကပဒေသာများဖြင့် ဖျော်ဖြေကြသည်။

(က-ပ)

လူငယ်တင်းနစ်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မေ ၃၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့က ကြီးမှူး၍ RANBAXY Co.,Ltd. ၏ ပံ့ပိုးကူညီမှုဖြင့်ကျင်းပမည့် RANBAXY Junior Tennis Tournament ပြိုင်ပွဲကို မေ၅ရက်မှ၁၀ရက်အထိ သိမ်ဖြူတင်းနစ် အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ အသက် ၁၀နှစ်အောက်၊အသက်၁၂နှစ်အောက်၊ အသက်၁၄နှစ်အောက်ကျား၊မတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲတို့ဖြစ်သည်။

နယ်မှလာရောက်ယှဉ်ပြိုင်သူများကို သတ်မှတ်ထားသောနှုန်းထားများအတိုင်း ထောက်ပံ့ပေးပြီး နေထိုင်ရေး အတွက် စီစဉ် ဆောင်ရွက်ပေးမည် ဖြစ်သည်။

ထောက်ခံစာ

ပါဝင်ယှဉ်ပြိုင်လိုသူများသည် မေ ၄ရက် နံနက်၁၀နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ် အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းရန်နှင့်အသက်မှန်ကန်ကြောင်း ထောက်ခံစာများ ယူလာရမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

လူတိုင်း လူတိုင်း ကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ၊ ဘောဂဗလတည်းဟူသော ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေဖို့ စာအုပ်စာပေများ လေ့လာဖတ်ရှုရန် လိုအပ်ပါသည်။ စာအုပ်သည် အကောင်းဆုံးသော၊ အပြည့်အဝဆုံးသော အင်အားတစ်ရပ်ဖြစ်၏။ စာအုပ်မရှိသော အခန်းသည် ဝိညာဉ်မရှိသော ခန္ဓာကိုယ်နှင့်တူသည်။ ကြီးကျယ်သော စာအုပ်တစ်အုပ်သည် ကြီးကျယ်သော စစ်ပွဲတစ်ပွဲထက် ပို၍ ကြီးကျယ်၏။ စာအုပ်များကို ချစ်မြတ်နိုးသူများသည် အထူးအားဖြင့် မြင့်မြတ်သော အတွေးအခေါ်ရှိသူ ဖြစ်ပြီး မြင့်မားသည့် အယူအဆရှိသူများ ဖြစ်ကြပေသည်။ စာပေသည် စိတ်အာဟာရ တစ်ပါးဖြစ်၏။ စာပေသည် လူ့ဘဝအတွက် အကောင်းဆုံး လက်နက်ဖြစ်သလို အကောင်းဆုံးအစာအာဟာရလည်း ဖြစ်သည်။ မည်သည့် ဖျော်ဖြေမှုမျှ စာဖတ်ခြင်းလောက် ဈေးသက်သာပြီး ပျော်ရွှင်နှစ်သိမ့်မှုတွင်လည်း တာရှည်ခံသော အရာမရှိပေ။ လူတိုင်း၊ လူတိုင်း အသိပညာရှိဖို့အတွက် ဦးနှောက်ကို ကျွေးရမည့် အစားအစာမှာ စာဖတ်ခြင်းပင် ဖြစ်ပေသည်။

စာရေးသူကြားဖူးသည့် တရုတ်စကားပုံတစ်ခုမှာ "တိုးတက်သော လူမျိုးဟာ စာဖတ်ကြ၍ စာဖတ်သော လူမျိုးဟာ တိုးတက်ကြပါတယ်"ဟူ၍ ဖြစ်၏။ ရုရှားစာရေးဆရာကြီး ဂေါ်ကီက စာဖတ်ခြင်းနှင့်စပ်လျဉ်း၍ "ပိုမို၍ စာဖတ်လေလေ စာအုပ်များက ကျွန်တော့အား ကမ္ဘာကြီးနှင့်ပိုမို၍ နီးစပ်လာလေလေ၊ ဘဝဟာ ကျွန်တော့အတွက် ပိုမို၍ ကြည်လင်ပြတ်သားလေးနက်သော အဓိပ္ပာယ်ကို ဆောင်လေလေ ဖြစ်ပါတော့တယ်"ဟု မိန့်ဆိုထားပါသည်။ ဂရိကဗျာစာဆို ဟိုးမားကလည်း "သင်ဟာ စာဖတ်ခြင်းကို မနှစ်သက်၊ ဝါသနာမပါဘဲနှင့် ဘယ်သောအခါမှ ဉာဏ်ပညာရှိသူ ဖြစ်မလာနိုင်ပါဘူး"ဟု မိန့်ဆိုထား၏။ လူတို့သည် ပျော်ရွှင်မှုအတွက်သာမက အသိပညာအတွက်လည်း စာဖတ်ပေးရပါမည်။ စာဖတ်ခြင်းသည် အသိပညာကို တိုးပွားစေသည့်အပြင် မှားယွင်းသော အစွဲအလမ်းများကိုလည်း ပျောက်စေ၏။ စာဖတ်ခြင်းသည် လူတစ်ယောက်၏ဘဝတစ်သက်တာတွင် အရေးပါအရာရောက်ဆုံးသော အပိုင်းကဏ္ဍမှ ပါဝင်သည်။ စာဖတ်ခြင်းဖြင့် ကြီးပွားတိုးတက်လာနိုင်သည်။

တရုတ်စာဆို ဒေါက်တာဂွမ်လျောင်ကလည်း "စာပေကောင်းကို ဖတ်ခြင်းဖြင့် လူတစ်ဦး၏အကျိုး၊ လူတစ်မျိုးရဲ့အကျိုးကို ဖြစ်စေနိုင်တယ်"ဟု မိန့်ဆိုထားပါသည်။ ရှင်မဟာရဋ္ဌသာရ၏ လူမှုကျင့်ဝတ်ဆုံးမစာတွင်လည်း အပိုဒ်(၁၅)၌ "မှတ်ဖွယ် မှတ်ရာထိုထိုစာကို ရှာ၍မပြတ်၊ အိမ်တွင်ဖတ်။" အပိုဒ် (၁၆)တွင် "ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည့်။" ဟုစာဖတ်ခြင်း အကျိုးကျေးဇူးကို ညွှန်းဆိုထားပါသည်။ စာဖတ်ခြင်းသည် သစ်ပင်စိုက်ခြင်းနှင့်တူပြီး စဉ်းစားခြင်းက ရေလောင်းခြင်းနှင့်တူပါ၏။ တစ်နည်းအားဖြင့် စာဖတ်ခြင်းသည် မိမိ၏ဦးခေါင်းထက် တခြားသူ တစ်ဦးတစ်ယောက်၏ ဦးခေါင်းဖြင့် စဉ်းစားတွေးခေါ်ခြင်းပင် ဖြစ်သည်။

ကျောင်းသားလူငယ်လောကတွင်လည်း စာများများ ဖတ်နိုင်၊ ကျက်နိုင်သောသူများသည် ပညာထူးချွန်ထက်မြက်ကြသည်ကို တွေ့ရှိနိုင်၏။ အငြင်းပွားဖွယ်မရှိပါ။ စာအုပ်စာပေဆိုသည်မှာ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းမှ စတင်ပြီး ကျမ်းကြီးကျမ်းခိုင်၊ ဂန္ထဝင်စာပေအထိ ပါဝင်၏။ ခြွင်းချက်အားဖြင့် အပျင်းပြေအပျော်ဖတ်စာပေ၊ ဟာသစာပေ၊ ရုပ်ပြကာတွန်းစာအုပ်များဖတ်ခြင်းထက် စာကောင်းပေမွန်တို့ကို ဖတ်ခြင်းသည် မိမိအတွက် ပိုမိုအကျိုးများနိုင်ပါသည်။

ဆင်ဖြူကျွန်းမြင့်သိန်း (မြန်စာဂုဏ်)

စာအုပ်စာပေတို့ကား အမျိုးအစားစုံလင်လှ၏။ သုတစာပေ၊ ရသစာပေနှင့် သုတရသစာပေဟူ၍ သုံးမျိုးရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ စာဖတ်ခြင်းသည် စိတ်ကိုအပျင်းပြေစေသည်။ အပျင်းပြေဆေးတစ်မျိုးပင်ဖြစ်သည်။ အင်္ဂလိပ်ပညာရှိ ဆာဖရန်စစ်ဘေကွန်က 'စာဖတ်ခြင်းက ပြည့်ဝသော လူတစ်ယောက်ဖြစ်စေတယ်၊ ဆွေးနွေးညှိနှိုင်းခြင်းက အသင့်ပြင်ထားသော လူတစ်ယောက်ဖြစ်စေတယ်၊ မှတ်သားခြင်းက တိကျသော လူတစ်ယောက်ဖြစ်စေတယ်'ဟု ဆိုမိန့်ထားပါ၏။ သို့ဖြစ်၍ စာဖတ်ခြင်းသည် အသိပညာ အထွေထွေဗဟုသုတပြည့်စုံကြွယ်ဝပြီး ဘဝကြီးပွားတိုးတက်စေနိုင်သည် မဟုတ်ပါလော။

စာဖတ်ခြင်းသည် မလုပ်မနေရဝတ္တရားတစ်ခုဖြစ်ပါသည်။ စာဖတ်ပြီး လက်တွေ့လုပ်၍ ကိုယ့်ကိုယ်ကို ကြီးပွားအောင်၊ တိုးတက်အောင်၊ချမ်းသာအောင် လုပ်ရပါမည်။ စာဖတ်ခြင်းက ဘဝအလင်းရောင်၊ စာဖတ်ခြင်းက ဘဝလှေကားထစ်ပင် ဖြစ်သည်။ ပညာတည်းဟူသော အပင်သည် တစ်သက် စားမကုန်ပါ။ စာဖတ်ခြင်းဟူသော မြေဩဇာသာ လိုအပ်၏။ မည်သူမဆို မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေသည့် စာပေမျိုး၊ မိမိလူမျိုး၏ရိုးရာယဉ်ကျေးမှု အနုပညာ၊ လက်မှုပညာ၊ တေးဂီတ၊ စာပေတို့ကို ဦးစားပေးဖတ်ရှု လေ့လာသင့်ပါသည်။ သို့မှသာ အမျိုးသားရေးကိုယ်ခံစွမ်းအားများ ပြည့်ဝလာကြမည်ဖြစ်ပါသည်။

ယခုခေတ်တွင် ဗဟုသုတအကြားအမြင် ရရှိဖို့ရန် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းတွေအမျိုးမျိုး၊ အစားစား အများအပြားရှိကြလေရာ လောကီရေး၊ လောကုတ္တရာရေးနှင့် ဆိုင်သမျှသောစာများကို တွေ့တိုင်း မိမိလက်လှမ်းမီသလောက် ဖတ်ရှုမှတ်သားသင့်ပေသည်။ ၎င်းစာအုပ်စာပေများထဲမှ ကျင့်သုံးလိုက်နာဖွယ်ရာ အချက်အလက်များကို မိမိလက်တွေ့ဘဝတွင် အသုံးပြုရမည်ဖြစ်၏။ သာဓကအားဖြင့် သာမန်လယ်သမားလေးဘဝမှ ဘုရင်မင်းမြတ်က ဝန်ဇင်းမင်းရာဇာဘွဲ့ပေးအပ်ချီးမြှင့်ခြင်းခံရသည့် စာတိုင်ညို၏ ဘဝဇာတ်လမ်းဖြစ်ပါသည်။

စာအုပ်စာပေ ဖတ်ရှုလေ့လာခြင်းသည် တစ်စုံတစ်ယောက်အဖို့ အကျိုးမယုတ်ဘဲ တန်ဖိုးကြီးမားလှပေ၏။ စာပေသည် လူမျိုးတစ်မျိုး၏ ဉာဏ်ပညာ၊ အခြေခံအမြင်တို့ ထင်ဟပ်ရာ၊ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ညွှန်းရာ ကြေးမုံပြင်ပင်ဖြစ်သည်။ "Reading is the soil where knowledge grows"ဟူသော အင်္ဂလိပ်စကားပုံတစ်ခုရှိပါ၏။ "စာအုပ်စာပေလူ့မိတ်ဆွေ၊ အလိမ္မာစာမှာရှိ"သည်ဟူသည့် မြန်မာစကားပုံများရှိ၏။ စာအုပ်စာပေများသည် လူတို့အား အသိပညာ၊ အလိမ္မာတရားများ ပေးစွမ်းပါသည်။ သို့ဖြစ်ရကား အသက်ကြီးငယ်မဟူ ဆင်းရဲချမ်းသာမရွေး လူတိုင်း၊ လူတိုင်းသည် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေဖို့စာအုပ်စာပေများကို ဖတ်ရှုလေ့လာကြပါစို့ ဟု ကောင်းမြတ်သော စိတ်စေတနာအရင်းခံဖြင့် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

စာအုပ်စာပေ ဖတ်ရှုလေ့လာခြင်းသည် တစ်စုံတစ်ယောက်အဖို့ အကျိုးမယုတ်ဘဲ တန်ဖိုး ကြီးမားလှ။ စာပေသည် လူမျိုးတစ်မျိုး၏ ဉာဏ်ပညာ၊ အခြေခံအမြင်တို့ ထင်ဟပ်ရာ၊ ယဉ်ကျေးမှု အဆင့်အတန်းကို ဖော်ညွှန်းရာ ကြေးမုံပြင်ပင်ဖြစ်။

ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီးတွင် ပူဇော်ထားရှိရန် အဂ္ဂသာဝကနှစ်ဆူဖြစ်တော်မူသော ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန် ရဟန္တာအရှင်မြတ်ကြီးနှစ်ပါး၏ ရုပ်တုတော်များ ထုလုပ်ပူဇော်ရန်အတွက် ဦးသန်းတင်အားရည်စူး၍ ရောဝတီတိုင်း ပုသိမ်မြို့နေ ဦးအောင်သိန်း၊ ဦးအောင်စိန် မိသားစုတို့က အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးလှမင်း၊ ဦးခင်မောင်အေးနှင့် ဦးစောကြိုင်တို့ လက်ခံယူစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၄-၂၀၀၇
(တနင်္လာနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ ဂုဏ်ပြုကြပါစို့ တရားတော် (အပိုင်း-၂) [အရှင်ဝီရိယ (ဓမ္မဘေရီ-တောင်စွန်း)]
- ၇း၅၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "အကောင်းဆုံး"တေးစီးရီး မိတ်ဆက်ပွဲ
- ၈း၁၅ ခါသကြီန် အဆိုအက
- ၈း၂၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၈း၃၅ ခါသကြီန် အဆိုအက
- ၈း၄၀ ကော်ဖီကိုဗဟိုပြု၍
- ၉း၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၁၀ Movie Talk (ငါ့ဓား ငါ့သွေး ငါ့ဧရာဝတီ)
- ၁၀း၀၅ တေးဂီတအစီအစဉ်
- ၁၀း၁၀ အနာကြီးရောဂါကင်းဝေးဖို့ ဆွေးနွေးတိုင်ပင်ပြောကြစို့ (ညီဘွား၊ ဂွမ်းပုံကြီး၊ ဖေချစ်) [ဒါရိုက်တာ အောင်မိုး(ပဲရစ်)]
- ၁၀း၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၂၅ Graphic Design (အပိုင်း-၂) (မြင့်မောင်ကျော်၊ မျိုးမြတ်သူ)
- ၁၀း၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၁း၀၀ ခါသကြီန်အဆိုအက
- ၁၁း၀၅ စွမ်းအင်တို့ရဲ့နှိုးစက် (ကခုန်ခြင်းနှင့်ဂီတ)
- ၁၁း၂၀ ခါသကြီန်အဆိုအက
- ၁၁း၂၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (သောင်းပြောင်းထွေလာ ကျန်းမာရေးပြဿနာများ) (အပိုင်း-၁) (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (ဧည့်သည်တော် မျိုးစန္ဒီကျော်)
- ၁၁း၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၀၀ စွဲမက်ဖွယ်ရာ ရွှေတောင်ဒေသထွက်အစားအစာ
- ၁၂း၁၀ ခါသကြီန်အဆိုအက
- ၁၂း၁၅ သွန်းလောင်းသံနည်းပညာ
- ၁၂း၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၂း၄၀ ခါသကြီန်အဆိုအက
- ၁၂း၄၅ မြန်မာ့မီးရထားစွမ်းအား ကျောက်ရေတွင်းခုံးကျော်တံတား
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၄	Aston Villa-Everton	5-Sports (Live)

အခြေခံစည်းရုံးရေးသင်တန်း ရန်ကင်းမြို့နယ်၌ ဖွင့်

ရန်ကုန် ဧပြီ ၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၂၇)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်၁၀နာရီက ရန်ကင်းမြို့နယ်သစ္စာလမ်းမရှိ အဆိုပါ မြို့နယ်အသင်း သင်တန်းခန်းမတွင် ကျင်းပသည်။

အစီအစဉ်အရ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတိုင်းတွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက အမှာစကားပြောကြားပြီး အလှူရှင်ရန်ကင်းမြို့နယ် အမှတ် (၂)ရပ်ကွက်မှ ဦးအောင်မိုးကျော်(ခ) တိုကျိုအောင်ကြီးက တန်ဖိုးငွေကျပ်ခုနစ်သောင်းတန်ဖိုးရှိ အမှတ်တရဦးထုပ်များလှူဒါန်းရာ မြို့နယ်အတွင်းရေးမှူး ဦးသန်းဝင်းက လက်ခံယူပြီး **(ဝဲပုံ)** ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ဦးနှင့်ဝန်ထမ်းများ မတ် ၂၉ရက်က (၆)ရပ်ကွက် ပညာတန်ဆောင် စာကြည့်တိုက်နှင့် (၃)ရပ်ကွက် ပညာ့အလင်းစာကြည့်တိုက်တို့မှ ရပ်ကွက်ဥက္ကဋ္ဌများ၊ စာကြည့်တိုက် ကော်မတီဝင်များနှင့် တွေ့ဆုံကာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာ ရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး) အတွက် နှစ်ဖက်သော မိဘများကိုအမှူးထား၍ ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၃) ရပ်ကွက် ရတနာမွန် ၆ လမ်း၊ အခန်း ၂၀၄၊ တိုက် ၅နေ ကျောင်းအလှူရှင် ရပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဦးအောင်ခိုင်-ရုပ်ရှင်သရုပ်ဆောင် ဒေါ်ဝါဝါအောင်မိသားစုက ကျောင်းအလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် အထွေထွေအတွင်းရေးမှူး ဆရာတော်အရှင်ဥက္ကဋ္ဌ (မြစ်ကျိုး)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့် တော်မူစဉ်။ (က-ပ)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ကံထူးရှင်ရွေးချယ် ပျော်ပွဲရွှင်ပွဲ၊ ဈေးပွဲခင်းနှင့် စတုဒိသာကျွေးမွေး

နေပြည်တော် မေ ၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ကံထူးရှင်ရွေးချယ်ပွဲ၊ ပျော်ပွဲရွှင်ပွဲ ဈေးပွဲခင်းနှင့် စတုဒိသာကျွေးမွေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

ဆုမဲများရွေးချယ်

ရှေးဦးစွာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ပထမဆုမဲငါးမဲ၊ ဝန်ကြီး၏ဇနီး ဒေါ်ခင်ခင်ရီက ဆုမဲငါးမဲနှင့် အထူးဧည့်သည်တော်များက ကွန်ပျူတာနှိပ်၍ ဆုမဲများကို ရွေးချယ်ပေးသည်။

စတုဒိသာကျွေးမွေး

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်း၊ ဇနီးနှင့်အထူးဧည့်သည်တော်များ၊ စက်မှု(၁) ဝန်ကြီးဌာန ဦးစီးဌာနနှင့် လုပ်ငန်း အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများသည် လုပ်ငန်းဌာန အသီးသီးမှ စတုဒိသာ ကျွေးမွေးနေမှုများကို လိုက်လံကြည့်ရှုကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၁) စက်မှုဝန်ကြီးဌာနအဘေးရှိ ကားဝင်းအတွင်း၌ ဖွင့်လှစ်ရောင်းချနေသော စားသောက်ကုန်ပစ္စည်းများ၊ အထည်အလိပ် ပစ္စည်းများ၊ စတီးလ်နှင့် အိမ်သုံးပစ္စည်းအမျိုးမျိုး၊ ကြွေထည်ပစ္စည်းများ၊ ပုဂံများနှင့် အိမ်သုံးဆေးဝါးပစ္စည်းများ ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဖျော်ဖြေရေးစင်မြင့်ရှိ ဧည့်ခံဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခေတ်နှင့်အညီပြုပြင်ထားသည့် သင်ရိုးညွှန်းတမ်းကိုင်စွဲသင်ကြား သင်ထောက်ကူပစ္စည်းများ အကျိုးရှိရှိအသုံးချ

ရန်ကုန် မေ ၁

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ယမန်နေ့ နံနက် ၉နာရီခွဲက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်သို့ရောက်ရှိပြီး ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဌာနမှူးများ၊ သင်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာပါမောက္ခချုပ်ပါမောက္ခ ဒေါက်တာဘမြင့်က သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၏ ဖွဲ့စည်းပုံနှင့်လုပ်ဆောင်နေမှုများကို တင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက မှာကြားရာတွင် အရည်အချင်း ပြည့်ဝသော ဆရာများဖြစ်စေရေး၊ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲထားသည့် သင်ရိုးညွှန်းတမ်းကိုင်စွဲ သင်ကြားနိုင်ရေး၊ သင်ထောက်ကူ ပစ္စည်းများကို အကျိုးရှိရှိ ထိရောက်စွာ အသုံးချနိုင်ရေး၊ ကျောင်းသား ကျောင်းသူများ စည်းကမ်းရှိရေး၊ ဝတ်စားဆင်ယင်မှုတွင် ယဉ်ကျေးသေသပ်ရေး၊ ကိုယ်ကျင့်တရား ကောင်းမွန်သော သွားရောဂါကု ဆရာဝန်များ ထွက်ပေါ်လာရေးတို့ကို ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် နံနက် ၁၁ နာရီတွင် ပြည်သူ့ကျန်းမာရေး တက္ကသိုလ်သို့ရောက်ရှိပြီး တက္ကသိုလ် ပြုပြင်မွမ်းမံရေးအဖွဲ့၏ အဆောက်အအုံများ ဆောက်လုပ် ပြုပြင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

တင်ပြ

ဆက်လက်၍ဒုတိယဝန်ကြီးသည် ဆေးတက္ကသိုလ်(၁)သို့ ထွက်ခွာပြီး ဆေးတက္ကသိုလ်(၁)၌ ခေတ္တ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ အေးမောင်ဟန်က ဆေးတက္ကသိုလ်(၁)၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများ၊ စီမံဆောင်ရွက်နိုင်မှုများကို ဒုတိယဝန်ကြီးအား တင်ပြသည်။

မှာကြား

ဒုတိယဝန်ကြီးက သင်ကြားရေးဆရာ ဆရာမများ၏ အရည်အချင်း တိုးတက်ပြည့်ဝရေး၊ သင်ရိုး ညွှန်းတမ်း ခေတ်မီအံ့ဝင်ရေး၊သင်ထောက်ကူပစ္စည်းများ ထိရောက်စွာ အသုံးချနိုင်ရေး၊ လူကောင်းလူတော်ဆရာဝန်များ မွေးထုတ်နိုင်ရေးများကို မှာကြားသည်။

ရှင်းလင်း

ထို့နောက် ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဆေးသုတေသန ဦးစီးဌာန(အောက်မြန်မာပြည်) အမျိုးသား အဆိပ်ထိန်းချုပ်မှုဌာန၏ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်မင်းနှင့် သက်ဆိုင်ရာ သုတေသီများက အမျိုးသား အဆိပ်ထိန်းချုပ်မှု လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

သီတဂူ ဆရာတော်နှင့် ဘုရားဖူးအဖွဲ့ ပါကစ္စတန်နိုင်ငံသို့ ဘုရားဖူးရန်ထွက်ခွာ

ရန်ကုန် မေ ၁

သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ ခေါင်းဆောင်သော မြန်မာဘုရားဖူးအဖွဲ့ဝင် ၅၂ ဦးသည် ပါကစ္စတန်နိုင်ငံ ဗုဒ္ဓဘာသာစေတီများနှင့် သာသနိက အဆောက်အအုံများကို လေ့လာရန် မတ် ၃၀ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံးမှ တာဝန်ရှိသူများနှင့် သီတဂူသာသနာပြုအဖွဲ့ဝင် ဒါယကာ၊ ဒါယိကာမများက ပို့ဆောင်နှုတ်ဆက်ကြသည်။ ဆရာတော်ကြီးနှင့်အဖွဲ့သည် ပါကစ္စတန်နိုင်ငံ၊ တက္ကသီလာ၊ ဂန္ဓာရ၊ ဆလ်တောင်ကြားရှိ ဗုဒ္ဓဘာသာစေတီနှင့် သာသနိကအဆောက်အအုံများကို တစ်ပတ်ခန့် လေ့လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အုတ်တွင်းမြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော် ပန္နက်တင်မင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

ပဲခူးတိုင်း အုတ်တွင်းမြို့နယ်-ကျွဲပွဲစိတ္တသုခ ပရိယတ္တိစာသင်တိုက်ဝင်းအတွင်း အုတ်တွင်းမြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်ကြီးအား ငွေကျပ်သိန်း ၃၀၀၀ကျော် အကုန်အကျခံကာ တည်ဆောက်သွားမည်ဖြစ်ရာ ၁၃၆၈ ခုနှစ် တပေါင်းလကွယ်နေ့ နံနက် ၈နာရီက ဗိမာန်တော်ကြီး၏အတွင်း ပန္နက်တင်မင်္ဂလာအခမ်းအနားနှင့် ပထမအကြိမ်အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်ကျော်စိုး၊ တောင်ငူခရိုင်ဥက္ကဋ္ဌ ဦးတင်ဝင်း နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းအောင်၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးရဲဆွေနှင့် အလှူရှင်များက ပန္နက်တော်များ ရိုက်ပေးကြပြီး အလှူရှင် ဦးလေးလမွန်း(ခ) ဦးနီထွန်း-ဒေါ်အေးမြိုင်မိသားစုက အလှူငွေကျပ် သိန်းတစ်ရာနှင့် အခြားငွေကျပ် တစ်သိန်းအထက် အလှူရှင်များက ငွေကျပ် ၆၁၈၁၀၀၀၀အား ပေးအပ်လှူဒါန်းကြသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

မူလကသစ်ဝိုင် ၁၀ ရက် တရားစခန်း

ပဲခူးတိုင်း ကျောက်တံခါးမြို့ လိုတရ ရွှေဘုန်းတိုးဘုရား၌ ဧပြီ ၁၀ရက်မှ ၂၀ရက်အထိ လိုတရ ရွှေဘုန်းတိုးဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သောဘဏိတ(ဒိုက်ဦး)ဓမ္မာစရိယ မြို့နယ် သံဃနာယက တွဲဖက်အကျိုးတော်ဆောင်သည် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်သည်။

ဇမ္ဗူလုံးချမ်းသာစေတီ ရွှေထီးတော်တင်လှူမည်

ဧရာဝတီတိုင်း ဓနုဖြူမြို့ ဆကာကြီးတိုက်နယ် ဂုဏ်မင်းကျောင်း၌ ဇမ္ဗူလုံးချမ်းသာစေတီတော်မြတ်ကြီးအား ဘက်စုံမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ပြီးစီးပြီဖြစ်ရာ ၁၃၆၉ ခု ကဆုန်လဆန်း ၁၃ရက် (ဧပြီ၂၈ရက်)တွင် ရွှေထီးတော်တင်လှူ ပူဇော်မည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ဖုန်း-၀၁-၃၇၁၂၂၈နှင့် ၀၄၄-၇၀၀၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ညောင်ရွှေမြို့တွင် ကျေးလက် ကျောက်ချောလမ်းဖွင့်

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော နန်းသီတာ-ကံကောင်း ကျေးလက်ကျောက်ချော လမ်းဖွင့်ပွဲကို မတ် ၂၂ ရက် နံနက် ၉နာရီက အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါလမ်းသည် အကျယ် ၁၀ ပေ၊ အရှည် ပေ ၅၉၅၀ရှိပြီး ငွေကျပ် ၁၄၂၂၀၀၀၀အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိတ္တသုခလမ်း ဓမ္မပူဇာသဘင်

ရန်ကုန်မြို့ တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် စိတ္တသုခလမ်းမိသားစု(အင်္ဂါပတ်)ဆွမ်းလောင်းအသင်း ဆွမ်းအောင်ပွဲလေးနှစ်ပြည့် အထိမ်းအမှတ် တတိယအကြိမ်မြောက် ဓမ္မပူဇာသဘင်ကျင်းပမည်ဖြစ်ရာ မေ ၃ ရက်တွင် အရှင်ပညာဝံသ (ပုပ္ပား-စကားဝါမြေ)၊ ၄ရက်တွင် အရှင်ဇေယျပဏ္ဍိတ (ပိုင်းလော့) မိုးညှင်းသီဂီ၊ ၅ ရက်တွင် အရှင်ဇဝန (မုံလယ်တောရ)၊ ၆ ရက်တွင် အရှင်ခေမာသီရိ လင်္ကာရ (သီတဂူကြာတစ်ပွင့်)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ညစဉ် ၇ နာရီ၌ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

တရားတော်များ ဟောကြားမည်

သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ၂၅ ရပ်ကွက်ရှိ စစ်ကိုင်းစာသင်တိုက်၌ တာချီလိတ်မြို့ ဆန်ဆိုင်းရပ်နေ ဦးအောင်မျိုးဝင်း-ဒေါ်စိုးဥမ္မာ မိသားစုတို့၏ ရဟန်းခံ၊ ရှင်ပြုနှင့် နားသ အလှူတော်မင်္ဂလာ အထိမ်းအမှတ် ဓမ္မသဘင်ကို ကျင်းပမည်ဖြစ်ရာ ဧပြီ ၉ ရက် ည ၇ နာရီတွင် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်နာယက အောင်စကြာဆရာတော် အရှင်စန္ဒသိရီကလည်းကောင်း၊ ဧပြီ ၁၀ရက်ည ၇နာရီတွင် အရှင်ရာဇိန္ဒ(ရဝေနွယ်၊ အင်းမ)ကလည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

ဒေးဒရဲမြို့နယ်၌ ပညာရိပ်မွန် စာကြည့်တိုက်ဖွင့်

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာ ပညာရိပ်မွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၆ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးဇော်မင်းအောင်နှင့် စာကြည့်တိုက်မှူး ဦးကျော်စိန်တို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး စာအုပ်၊ စာစောင်များ ပါဝင်လှူဒါန်းနိုင်

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးနှင့် အသိပညာရာမှီးနိုင်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်တည်ထောင်လျက်ရှိပြီး စာကြည့်တိုက် အဆောက်အအုံများလည်း တည်ဆောက်လျက်ရှိရာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးစေရန် အဆောက်အအုံ၊ပရိဘောဂ၊စာအုပ်၊စာစောင်များ ပါဝင်လှူဒါန်းနိုင်ကြောင်း ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နှိုးဆော်ထားကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ်တွင် စာဖတ်ဝိုင်းများကျင်းပ

မကွေးတိုင်း ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ကျေးရွာစာကြည့် တိုက်များ၌ စာဖတ်ဝိုင်းများကို မတ် ၂၁ရက်မှ ၂၇ရက်အတွင်း ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာ ဒေသ ကျော၊ ကျွဲကိုင်း၊ ရွာငယ်၊ ပဲမစား၊ ရွှေပင်၊ စခါး၊ ကန့်သတ်၊ ကျဲ၊ နီးကြီး၊ စကား၊ ဇုံမွေး၊ ကြက်ရိုး၊ ဖုံးဆိုးကျယ်၊ လယ်ဓမ္မ၊ ဝါးပင်နှင့် ကောင်းတင်ကျေးရွာ များတွင် ကျင်းပကြသည်။ အခမ်းအနားတွင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီး ဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က စာဖတ်ဝိုင်း ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းကာ အကြီးတန်းစာရေး ဦးစိုးမြင့်က ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၂၂)ပါ ပညာနှင့်စည်းကမ်း (ခေါင်းကြီးပိုင်း)ကို ဖတ်ကြားရှင်းလင်း၍ စာကြည့်တိုက်အသင်းဝင်များကပါဝင်ဆွေးနွေးကြသည်။

ခန္တီးတွင် နွေရာသီ စက်ချုပ်သင်တန်းဖွင့်

ချင်းပြည်နယ် ခန္တီးမြို့နယ် အမျိုးသမီး ရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က ကြီးမှူးဖွင့်လှစ်သော နွေရာသီစက်ချုပ်သင်တန်းအမှတ်စဉ်(၁၁)ဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၉နာရီက မိခင်နှင့်ကလေးရုံး ခန်းမတွင်ကျင်းပရာ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီမြင့်က သင်တန်းနှင့်ပတ်သက် သည်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လတာ ကြာမြင့်မည် ဖြစ်သည်။

လောကအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

တောင်တွင်းကြီးမြို့နယ် လယ်သာ-၂ အုပ်စု ထန်းပင်ကုန်းကျေးရွာ လောကအလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ငွေကျပ် ၂၅သိန်းတန် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကိုမတ် ၁၇ရက် နံနက် ၉နာရီကကျင်းပရာ ဆရာတော် ဦးအာစာရ၊ ဦးနန္ဒဝံသနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက အုတ်တွင်းမြို့မှ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းအတိုင်း ထွက်ခွာလာရာ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူး အဖွဲ့(၇) ရှေ့တန်းစခန်းဖောဓိစခန်းသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ဖောဓိစခန်း၌ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးစောဟန်က ပြည်-ပေါက်ခေါင်း- တောင်ငူလမ်း၏ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဝန်ကြီးအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ဖောဓိစခန်းမှထွက်ခွာ၍ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၇)မှ ဒုတိယအခြေခံလွှာ ပထမထပ် ကျောက်ခင်းခြင်းလုပ်ငန်းများနှင့် ရေပြွန်လုပ်ငန်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ မွန်းလွဲပိုင်းတွင် ကြက်မနစ်ရှေ့တန်းစခန်းသို့ရောက်ရှိသည်။

ဖြည့်စွက်ရှင်းလင်း

ကြက်မနစ်စခန်း၌ ဝန်ကြီးအား လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၇) နှင့်လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၅)မှ တာဝန်ခံအင်ဂျင်နီယာမှူးများက မိမိတာဝန်ယူထားသည့် လမ်းအပိုင်းလိုက်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို တင်ပြရာ ပဲခူးတိုင်းအင်ဂျင်နီယာမှူးကြီး ဦးဝင်းမောင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လုပ်ငန်းများကို အပိုင်းလိုက်၊ အဖွဲ့များခွဲ၍ တစ်ပြိုင်တည်းဆောင်ရွက်ရန်၊ အချို့နေရာများတွင် လမ်းအတက်အဆင်းနိမ့်မြင့် ဖြေပြီးမှ ကျောက်ခင်းရန်၊ အနည်းဆုံးတန်(၄၀)ခံ ကတ္တရာ လမ်းအဖြစ်သတ်မှတ်ချိန်အမီ ပြီးစီးအောင် စီမံချက်ချ ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက်ဝန်ကြီးသည် ကြက်မနစ်စခန်းမှ ထွက်ခွာခဲ့ပြီး ကတ္တရာခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။ ဝန်ကြီးသည် ဆက်လက်ထွက်ခွာလာရာ လမ်းတစ်လျှောက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာရွာပုစခန်းသို့ရောက်ရှိသည်။

ဆောင်ရွက်ပြီးစီးမှု

ရွာပုစခန်း၌ ဝန်ကြီးအားပြည်ခရိုင်အင်ဂျင်နီယာမှူးဒေါ်အေးမြင့်က ပြည်ခရိုင်မှ တာဝန်ယူရသော လမ်းအပိုင်း (၂၂)မိုင်အတွင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လက်ရှိ ကတ္တရာလမ်းဟောင်းကို ထိန်းသိမ်းပြုပြင်ထားရန်၊ လမ်းနူတ်ခမ်းများကို ပြန်လည်ပြုပြင်ရန်တို့ကိုမှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးကာ ရွာပုစခန်းမှ ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် ပြည်မြို့သို့ရောက်ရှိ ရပ်နားကြသည်။ **(သတင်းစဉ်)**

စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက်ကြီး၏ (၁၆)ကြိမ်မြောက် ဗားကရာ ပရိယတ္တိ စာမေးပွဲကို ကိုးထပ်ကြီးဘုရား အာရုံခံတန်ဆောင်းကြီးတွင် ကျင်းပရာ ဖြေဆိုတော် မူကြသော သံဃာတော်များအား သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် စာမေးပွဲ ကြီးကြပ်ဆရာတော်များ စည်းကမ်းချက်နှင့်အညီ ကြပ်မတ်ဆောင်ရွက်တော်မူကြစဉ်။

(၁၂၉)

ငွေပေါက်ကျွန်း ရွှေတဝဂူဆရာတော် သင်္ကြန်(၁၀)ရက်အထူးတရားစခန်း

ရန်ကုန် ဧပြီ ၁

မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် (၁)ရပ်ကွက် အနော်ရထာလမ်းမကြီး ရွှေတဝဂူဝိပဿနာ တရားဗိမာန်တော်ကြီးတွင် ဗုဒ္ဓအလိုတော်ကျ သစ္စာအဓိဋ္ဌာန်၊ သတိပဋ္ဌာန်သစ္စာတရားတော်များကို မိုးကုတ်ဆရာတော်ကြီး မဟာစည်ဆရာတော်ကြီး၊ သဲအင်းဂူဆရာတော်ကြီး၊ လယ်တီဆရာတော်ကြီး၊ တောင်စွန်း ဓမ္မဒူတအရှင်ပညာဇောတ(ဇောတိက)ဆရာတော်ကြီးများအား ကျေးဇူးပြု ကျေးဇူးဆပ်သောအားဖြင့် သင်္ကြန်မင်္ဂလာတော်ရက်အတွင်း တန်ခူးလပြည့်ကျော် ၁၁ရက် ဧပြီ၂ရက်မှ ၂၄ရက်အထိ သမထဝိပဿနာတရားစခန်းပွဲကို ရွှေတဝဂူဆရာတော် အရှင်စန္ဒသူရိယ မဟိဒ္ဓိထွဋ်ခေါင်(ဓမ္မကထိက စွယ်စုံကမ္မဋ္ဌာနာစရိယ) အရှင်သူမြတ်က ဟောကြားသင်ကြားပေးမည်ဖြစ်ပါ၍ တရားဝင်လိုသော ယောဂီများအား စားစရိတ်ငြိမ်းတာဝန်ယူ၍ ဓမ္မကထိကများ၊ ကမ္မဋ္ဌာနာစရိယများအားလည်း အထူးပင့်ဖိတ်ထားသည်။ တရားပွဲများဟောပေးမည်။ အလှူရှင်များလည်း လာရောက်လှူဒါန်းနိုင်သည်။ ဧပြီလဆန်း၃ရက် (သို့မဟုတ်) ၁၈ရက်နေ့တိုင်း ငါးရက်တရားစခန်းရှိသည်။ အရွယ်ဘာသာမရွေး သင်ကြားပေးမည်။

ဆက်သွယ်ရန် ဦးငွေဟိန်း (ကြွေကင်းရန်ပြေ အောင်ပေါင်းစုဘုရားဝင်း) ဖုန်း-၀၉-၅၁-၈၀၈၁၁၊ လှိုင်ထိပ်ထားအထည်ဆိုင်(W-18-19) ဖုန်း- ၂၀၀၇၄၇-၁၇၇၇၊ ဦးတင်ရီ အမှတ် ၁၈ မလွကုန်းလမ်း ကျောက်မြောင်း ဖုန်း-၀၉-၅၁-၃၇၄၅၅၊ ဦးစန္ဒိမာ (အောင်မင်္ဂလာဆရာတော် လယ်တီစံကျောင်း) ပုဇွန်တောင် ဖုန်း-၂၉၂၄၅၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဆုချီးမြှင့်

တာမွေမြို့နယ် ကျောက်မြောင်း ကြက်တောင်ရိုက်အသင်းတွင် ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ်၂၇ရက်က ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော ကိုစိုးအောင်နှင့် ကိုအောင်ချမ်းအေးတို့အား ဆုချီးမြှင့်စဉ်။

(က-ပ)

အရှင်ဇဝန (ပဲခူး)၏ ဓမ္မသဘင်

ရန်ကုန် ဧပြီ ၁

ရန်ကုန်မြို့ သုဝဏ္ဏ သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် စံရိပ်ငြိမ်ကျောင်းတိုက်ဆရာတော် အရှင်ဇဝန(ပဲခူး) အရှင်သူမြတ်သည် ဧပြီ ၁ရက်နှင့် ၂ရက်တွင် ကော့မှူးမြို့နယ် ဘို့ဒင်ရွာဘုရားပွဲ၊ ၃ရက်တွင် ဇလွန်မြို့ ဦးသီလနှစ်၁၀၀ပြည့် ဓမ္မသဘင်၊ ၄ရက်တွင် တောင်ဥက္ကလာပ (၁၃) (ကြာသပတေး) ဆွမ်းလောင်းအသင်းဓမ္မသဘင်၊ ၅ရက်၊ ၆ရက်တွင် မော်လမြိုင်မြို့ လမုတန်းရပ်ကွက် ပဋ္ဌာန်းအောင်ပွဲဓမ္မသဘင်၊ ၇ရက်တွင် ညောင်တုန်းမြို့၊ ဖိုးခုံစုကျောင်းဘုရားပွဲ၊ ၈ရက်၊ ၉ရက်တွင် ပဲနွယ်ကုန်းမြို့ ဦးမောင်စိုး-ဒေါ်ကျင်နွဲ့ သိက္ခာထပ် ရဟန်းခံရှင်ပြုဓမ္မသဘင်၊ ၁၁ရက် ၁၂ရက်တွင် ပဲနွယ်ကုန်းမြို့ ခင်သာရွာ ဦးစံရှိန်-ဒေါ်သန်းမြင့် ရဟန်းခံရှင်ပြုဓမ္မသဘင်၊၁၉ရက်၊၂၀ရက်တွင် သနပ်ပင်မြို့ တာဝရွာ ဓမ္မသဘင်၊ ၂၂ရက်တွင် ကော့မှူးမြို့ စုပေါင်းရှင်ပြုအလှူတော်ဓမ္မသဘင်၊ ၂၃ရက်တွင် သာကေတ သုမန(၅)မလွန်ဆန်လှူဓမ္မသဘင်၊ ၂၆ရက်တွင် ပုသိမ်မြို့ မရမ်းချိုကျောင်းဆရာတော် ဦးသောဘိတ ပူဇော်ပွဲဓမ္မသဘင်၊ ၂၇ရက်တွင် တောင်ဥက္ကလာ (၁၀) ပဋ္ဌာန်းအောင်ပွဲဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ရာ ဖုန်း-၀၁-၇၂၄၆၄၆သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

ယာဉ်အန္တရာယ် ကင်းရှင်းစေလို

စာတည်းရှင့်-

တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ခပေါင်းကျေးရွာတွင် ရောင်းချနေကြသည့် ဈေးသည်များသည် တောင်ငူ-မြင်းစုကျေးရွာ လမ်းမကြီး၏ ဘေးနှစ်ဖက်လမ်းမပေါ်တွင် ဈေးရောင်းနေကြသဖြင့် ယာဉ်များနှင့် လမ်းသွား၊ လမ်းလာများ မလွတ်ကင်းဘဲ မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်ပွားလျက်ရှိ၍ အဆိုပါဈေးသည်များအား စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ယာဉ်အန္တရာယ်ကင်းစေလိုသူ

သုံးခွမြို့ ဟာဒ်ပင်ဆိပ်ကမ်း ကတ္တရာခင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း သုံးခွမြို့ရှိ ဟာဒ်ပင်ဆိပ်ကမ်း ကတ္တရာလမ်းမှာ ချိုင့်များဖြစ်နေသောကြောင့် လမ်းနေပြည်သူများနှင့် မော်တော်ယာဉ်များ သွားလာရေးအခက်အခဲဖြစ်နေပါသဖြင့် အဆိုပါလမ်းကို ကတ္တရာထပ်ပိုးလွှာခင်းပေးပါရန် တင်ပြအပ်ပါသည်။

လမ်းကောင်းစေချင်သူ

စက်သုံးဆီဆိုင်ကြောင့် မီးဘေးစိုးရိမ်နေရ

စာတည်းခင်ဗျား-

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ လူနေအိမ်ခြေထူထပ်သော မြို့လယ် ရန်ကုန်-ပြည်လမ်းရှိ စက်တိုင်ကွင်းရပ်ကွက် နေအိမ်တစ်အိမ်တွင် စက်သုံးဆီများ သိုလှောင်ရောင်းဝယ်လျက်ရှိရာ မီးဘေးစိုးရိမ်နေရပါ၍ တင်ပြလိုက်ရပါသည်။

ကြို့ပင်ကောက်သား

အနံ့ဆိုးများ ကင်းဝေးစေချင်

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် ၁၈(က)ရပ်ကွက် ရွက်လှလမ်းနှင့် ဇာဒက်ကြီးကျွန်း လမ်းထောင့် (မီးတားကွင်း)တွင် ဝက်များကို စီးပွားဖြစ် မွေးမြူလျက်ရှိရာ အဆိုပါ ဝက်ခြံမှ အနံ့ဆိုးများ ထွက်ပေါ်နေပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်ရသူ

စွန့်ပစ်ရေကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ပဲခူးတိုင်း ကျောက်တံခါးမြို့ ခေတ္တရာ ၃ လမ်းနှင့် ၄ လမ်းအတွင်းရှိ ချောင်းအတွင်းတွင် ဆန်စက်များ၊ မုန့်ဟင်းခါးစက်များမှ ထွက်ရှိသော စွန့်ပစ်ရေများမှာ နွေရာသီတွင် ရေများဝပ်၍ မကောင်းသော အနံ့ဆိုးများ ဖြစ်ပေါ်လျက်ရှိရာ ပတ်ဝန်းကျင်နေပြည်သူများအား ကျန်းမာရေးထိခိုက်စေပါသဖြင့် စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ခေတ္တရာလမ်းသား

ဗီဒီယိုရုံ စည်းကမ်းရှိစေချင်

စာတည်းခင်ဗျား-

မြင်းခြံမြို့နယ် ဗလုံကျေးရွာအုပ်စု ရွာသာကျေးရွာရှိ ဗီဒီယိုရုံတစ်ရုံသည် ညပိုင်းတွင် အသံချဲ့စက်များ တပ်ဆင်၍ ဇာတ်ကားများ ပြသလျက်ရှိရာ ပတ်ဝန်းကျင်နေ ပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်နေရပါသဖြင့် စည်းကမ်းတကျ ဖြစ်စေရေး သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

စိတ်အနှောင့်အယှက်ဖြစ်ရသူ

ဖုန်တထောင်းထောင်းနှင့် နွားအန္တရာယ်ကြောင့် လှည်းတန်းများ နေရာသတ်မှတ်ပေးပါ

စာတည်းခင်ဗျား-

မကွေးတိုင်း တောင်တွင်းကြီးမြို့ မြို့မဈေးအနီး မြို့ရိုးပတ်လမ်း ရွှေအိုး (၁/၂) မြေသားလမ်းပေါ်တွင် ဂေါ်ဖီလှည်းနှင့် ဈေးလှည်းများ နေရာချထားသဖြင့် မကြာခဏလမ်းပိတ်ခြင်း၊ နွားချေး၊ ကောက်ရိုး၊ ဂေါ်ဖီရွက်အမှိုက်များ အမြဲရှုပ်ပွခြင်း၊ ဖုန်တထောင်းထောင်းထခြင်းတို့အပြင် ကလေးငယ်များ ကျောင်းသွားကျောင်းပြန်၌ နွားအန္တရာယ်နှင့် ယာဉ်အန္တရာယ်ကိုပါ စိုးရိမ်နေရပါသည်။ အဆိုပါ ဂေါ်ဖီလှည်းတန်းအား သင့်တော်ရာသို့ ပြောင်းရွှေ့ နေရာချထားပေးပါရန် တင်ပြအပ်ပါသည်။

တောင်တွင်းကြီးသား

စည်းကမ်းမဲ့ဈေးသည်များ ရှင်းလင်းဖယ်ရှားပြီး

၁၂-၃-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **တောင်ကြီးမြို့ မြို့မဈေးကြီး အရှေ့ဘက် မဟာသုခလမ်းနှင့် အနောက်ဘက် စဝ်စံထွန်းလမ်းနာရီစင်အနီး ဈေးသည်များ စည်းကမ်းမဲ့စွာ ခင်းကျင်းရောင်းချမှု** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဖယ်ရှားပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ကားများစနစ်တကျရပ်တန့်စေရေး ဆောင်ရွက်ပြီး

၂၉-၁-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုးကောင်း-ဖားကန့်ကားဂိတ်တွင် ကားများ စနစ်တကျရပ်တန့်ကြစေရေး** ပေးစာနှင့် ပတ်သက်၍ ကြပ်မတ် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ဝက်သတ်ရုံမှအနံ့ဆိုး ရှင်းလင်းဆောင်ရွက်ပြီးစီး

၁၉-၂-၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **လားရှိုးမြို့ ရပ်ကွက် (၁၂) နယ်မြေ(၁၆) သိန်းနီလမ်း စကိတ်ကွင်းလမ်းခွဲတွင်ရှိသော ဝက်သတ်ရုံမှ ညအချိန်မတော် ဝက်အော်သံများနှင့် သောက်စားမူးယစ် အော်ဟစ်သံများ ဆူညံနေမှု** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

ကမ္ဘာတစ်လွှား အားကစား

ဘရာဇီးနှင့် အေစီမီလန် ကွင်းလယ်ကစားသမား ကာကာ

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

ရောမ ဧပြီ ၁

ဘရာဇီးနိုင်ငံမှ ကမ္ဘာကျော်ဘောလုံးသမားများတွင် အေစီမီလန် ကလပ်၌ ကစားနေသော ကွင်းလယ်ဖန်တီးရှင် ကာကာလည်း အပါအဝင်ဖြစ်သည်။ ကာကာသည် ဘရာဇီးအသင်း၌ အဓိကကစားသမားတစ်ဦး ဖြစ်သကဲ့သို့ အေစီမီလန်၏အရေးပါသော ကွင်းလယ်တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်သည်။

ကာကာကို ၁၉၈၂ခုနှစ် ဧပြီ ၂၂ရက်က ဘရာဇီးနိုင်ငံတွင် မွေးဖွားခဲ့သဖြင့် ယခုအခါ အသက် (၂၄)နှစ် အရွယ်ရှိနေပြီဖြစ်သည်။ ၂၀၀၂ခုနှစ်တွင် ဘရာဇီးဘောလုံးအသင်း လက်ရွေးစင်ဖြစ်လာခဲ့သော ကာကာသည် ယခင် ဘရာဇီးနည်းပြ ကားလို့စ်အယ်ဘာတိုပရဲရား၏ အကြိုက်ဆုံးကွင်းလယ်ကစားသမားတစ်ဦးလည်း ဖြစ်ခဲ့သည်။ ကာကာသည် ကွင်းလယ်၌ ဘောလုံး ဖြန့်ဝေမှု၊ တိုက်စစ်မှူးများ ဂိုးသွင်း ရရှိအောင်ဖန်တီးပေးနိုင်မှု အပြင် ကိုယ်တိုင်လည်း ဂိုးသွင်းခြေမှန်သူတစ်ဦးလည်း ဖြစ်သည်။ ထိုသို့သော စွမ်းရည်များဖြင့် ပြည့်စုံနေသော ကာကာကို အီတလီ စီးရီးအေကလပ် အေစီမီလန်မှ ၂၀၀၃–၂၀၀၄ဘောလုံးရာသီ၌ ခေါ်ယူခဲ့သဖြင့် ကာကာ အေစီမီလန်သို့ ရောက်ရှိခဲ့သည်။ အေစီမီလန် သို့ ရောက်ရှိလာသော ကာကာသည် ရောက်ရှိသောနှစ်၌ပင် အေစီမီလန် အတွက် ချန်ပီယံလိဂ် ၁၀ပွဲကစားပေးခဲ့ပြီးလေးဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့အတူ စီးရီးအေတွင်လည်း အေစီမီလန် အတွက် ၂၅ပွဲကစားပေးခဲ့ပြီး ၁၀ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ထိုသို့ ကွင်းလယ်ကစားကွက်ကို နိုင်နိုင်နင်းနင်းထိန်းချုပ်ကစားနိုင်ခဲ့ပြီး ဂိုးများလည်းရအောင် သွင်းယူပေးနိုင်ခဲ့သဖြင့် ထို ၂၀၀၃–၂၀၀၄ ဘောလုံးရာသီ၌ အေစီမီလန်တို့ ၃၄ ပွဲ ကစား၊ ၂၅ပွဲ နိုင်၊ ခုနစ်ပွဲ သရေကျပြီး နှစ်ပွဲသာ ရှုံးခဲ့ကာ စီးရီးအေဖလားရယူနိုင်ခဲ့သည်။



ကွင်းလယ် ကစားသမား ကာကာ

ဘရာဇီးနှင့် အေစီမီလန်၏ ကွင်းလယ် ကစားသမား ကာကာ၏ ကစားဟန်။
(ဓာတ်ပုံ–အင်တာနက်)

မကာကွယ်နိုင်

စီးရီးအေတွင် ခြေစွမ်းပြနိုင်ခဲ့သော ကာကာအား အခြားဥရောပ ကလပ်အသင်းကြီးများက ခေါ်ယူရန် ကြိုးစားခဲ့သော်လည်း အေစီမီလန်၌သာ ဆက်လက်ကစားခဲ့သည်။ ၂၀၀၄–၂၀၀၅ ဘောလုံးရာသီတွင်ကာကာသည် အေစီမီလန်အတွက် ၃၃ပွဲ ကစားပေးခဲ့သော်လည်း ခုနစ်ဂိုးသာ သွင်းယူနိုင်ခဲ့သလို ချန်ပီယံလိဂ် ပွဲစဉ်တွင်လည်း ၁၁ပွဲ ကစားပြီး နှစ်ဂိုးသာ သွင်းယူပေးနိုင်ခဲ့သည်။ ထိုနှစ်တွင် အေစီမီလန်တို့ စီးရီးအေ၌ ဒုတိယသာ ရရှိခဲ့ပြီး ချန်ပီယံဖလားကို မကာကွယ်နိုင်ခဲ့ချေ။

စွမ်းရည်မြင့်မား

၂၀၀၅–၂၀၀၆တွင်မူ ကာကာသည် ကြံ့ခိုင်မှု ပိုမိုကောင်းမွန်လာခဲ့သဖြင့် အေစီမီလန်အတွက် ၂၆ပွဲကစားပေးခဲ့ရာ ၁၄ဂိုးသွင်းယူနိုင်ခဲ့သလို ချန်ပီယံလိဂ်တွင်လည်း ၁၂ပွဲ ကစားပေးခဲ့ပြီး ငါးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထို့အတူ ဘရာဇီးအသင်းအတွက် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲ၁၅ပွဲပါဝင်ကစားပေးခဲ့ပြီး သုံးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထိုနှစ်တွင် အေစီမီလန်တို့ စီးရီးအေ၌ တတိယသာ ချိတ်နိုင်ခဲ့ပြီး ချန်ပီယံဆုနှင့်လွဲခဲ့ရသည်။ သို့သော်လည်း ထိုနှစ် တစ်နှစ်လုံး ကာကာ အနေဖြင့် ဘောလုံးပွဲပေါင်း ၅၄ပွဲ ကစားခဲ့ရာတွင် ဂိုးပေါင်း ၂၄ဂိုး အထိသွင်းယူပေးနိုင်ခဲ့သည်။ ကွင်းလယ် ကစားသမား တစ်ဦးအနေဖြင့် ယခုကဲ့သို့ ဂိုးများသွင်းယူနိုင်ခြင်းမှာ တိုက်စစ်စွမ်းရည်နှင့် ဂိုးသွင်းစွမ်းရည်မြင့်မားခြင်းတို့ကြောင့်ပင် ဖြစ်သည်။

ပို့ဆောင်ထား

ယခုနှစ် ဘောလုံးရာသီဖြစ်သည့် ၂၀၀၆–၂၀၀၇ခုနှစ်တွင်မူ အေစီမီလန်အတွက် ချန်ပီယံလိဂ်ကိုးပွဲကစားပေးခဲ့ရာ၌ ခြောက်ဂိုးအထိ ကာကာသွင်းယူပေးနိုင်ခဲ့ပြီး အေစီမီလန်ကိုလည်း ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အထိ ပို့ဆောင်ထားပြီလည်းဖြစ်သည်။

ထို့အတူ ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဘရာဇီးအသင်းအတွက် ငါးပွဲကစားပေးခဲ့ပြီး ခရိုအေးရှားနှင့်ပွဲ၌ ဘရာဇီးအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

သို့သော်လည်းဘရာဇီးတို့ ပြင်သစ်ကို တစ်ဂိုး–ဂိုးမရှိ ဖြင့်ရှုံးပြီး ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ယခုနှစ်၌ ကာကာ၏ ခြေစွမ်းမှာ ပုံမှန်အတိုင်းရှိနေသော်လည်း စီးရီးအေ၌ ၂၈ပွဲကစားပြီးချိန် ငါးဂိုးသာသွင်းယူထားနိုင်ရာ ယခင်နှစ်များကထက် ဂိုးပိုမသွင်းနိုင်ကြောင်း သိရသည်။ သို့သော်လည်း အေစီမီလန်တွင် တိုက်စစ်မှူး ဂီလာဒီနို ပြီးလျှင် ဒုတိယမြောက် ဂိုးအများဆုံး သွင်းထားနိုင်သူတစ်ဦးပင် ဖြစ်သည်။ အေစီမီလန်သည် စီးရီးအေ၌ ယခုနှစ်အတွက် ဖလားမရရှိနိုင်သော်လည်း ချန်ပီယံလိဂ်ဖလားအတွက် မျှော်လင့်ချက်များရှိနေရာကာကာ၏ စွမ်းဆောင်မှုမည်မျှအထိ အကျိုးပြုနိုင်မည်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

(ကိုးကား–အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

- မန်ယူနောက်တန်းကစားသမား ဗီဒစ်သည် ဘလက်ဘန်း အသင်းနှင့် ကစားရာတွင်ပခုံးဒဏ်ရာရရှိသွားသဖြင့် အနည်းဆုံး တစ်လ အနားယူရမည်ဖြစ်ကြောင်း မန်ယူတာဝန်ရှိသူများက ပြောကြားသည်။

- **ဆဲလ်တစ်အသင်းနည်းပြ စထရာချန်သည် ယခုနှစ်ဘောလုံးရာသီကုန်ချိန်တွင် ဆဲလ်တစ်အသင်းမှ ထွက်ခွာလိမ့်မည်ဟု သတင်းများထွက်ပေါ်လာခြင်းကို မဟုတ်မမှန်ကြောင်း ၎င်းကငြင်းဆိုလိုက်သည်။**

- ချယ်လ်ဆီးတောင်ပံကစားသမား ရော်ဘင်သည်ဒူးခေါင်း ခွဲစိတ်ခံထားရသဖြင့် လေးပတ်ကြာအနားယူရမည်ဟု ချယ်လ်ဆီးကလပ်က ပြောကြားလိုက်သည်။

- **စကော့တလန်လိဂ်တွင် ပြိုင်ဘက်ရိန်းဂျားနှင့် ဆဲလ်တစ်အသင်းတို့ မတ် ၃၁ရက်က အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေကျသွားသည်။**

- လီဗာပူးအသင်းသည် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲသို့ တက်လာခဲ့လျှင် ဗလန်စီယာအသင်းနှင့် ဆုံတွေ့လိုကြောင်း လီဗာပူးကစားသမား ဆစ်ဆိုကိုက ပြောကြားလိုက်သည်။

- **မန်ချက်စတာယူနိုက်တက် အသင်းသည် မတ်၃၁ရက်က ဘလက်ဘန်း အသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရလိုက်၍ ဖလားနှင့်အလွန် နီးကပ်လာပြီဖြစ်ကြောင်း မန်ယူကလပ်က ပြောကြားလိုက်သည်။**

- ပရိသတ်များ၏ဖိအားပေးမှု မည်သို့ပင်ရှိစေ မိမိ၏နည်းပြအလုပ်ကို စွန့်ခွာမည်မဟုတ်ကြောင်း၊ အကောင်းဆုံး အနေအထားရောက်အောင် အင်္ဂလန်အသင်းအား ကိုင်တွယ်သွားမည်ဖြစ်ကြောင်း အင်္ဂလန်နည်းပြ မက်ကလာရင်က ပြောကြားလိုက်သည်။

- **ဘဲလ်ဂရိတ်မြို့တွင် ကျင်းပလျက်ရှိသည့် ဥရောပအမျိုးသားစားပွဲတင် တင်းနစ်ပြိုင်ပွဲ၌ ဗြိတိန်တင်းနစ်သမား ပေါလ်ဒရင့်ဟောက ဘယ်လ်ဂျီယံမှ ဂျိန်းမီဆေ့ဖ်အား နှစ်ပွဲပြတ်ရှုံးနိမ့်သွားသည်။**

- ဒိုဟာတွင် ကျင်းပနေသော အာရှအားကစားပြိုင်ပွဲတွင် အမျိုးသမီးအလေးမပြိုင်ပွဲ ၇၅ကီလိုအထက်ပြိုင်ပွဲ၌ တရုတ်အလေးမမယ်မူရှောင်ရှောင်က ၁၃၉ကီလို မ ကာ ကမ္ဘာ့စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

လာလီဂါပွဲစဉ်များ ယှဉ်ပြိုင် ဘာစီလိုနာနှင့် ဗလင်စီယာတို့ နိုင်

စုစည်းတင်ပြသူ
မြင့်မောင်စိုး

မက်ဒရစ် ဧပြီ ၁

စပိန်လာလီဂါ ဘောလုံးပွဲစဉ်များကို မတ်၃၁ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဘာစီလိုနာနှင့် ဒီပို့တီဗိုတို့ပွဲတွင် ဘာစီလိုနာက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗလင်စီယာနှင့် အက်စ်ပန်းညိုတို့တွင် ဗလင်စီယာက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာနှင့် ဒီပို့တီဗို

အိမ်ကွင်း၌ ဘာစီလိုနာတို့ ဒီပို့တီဗိုကို အသာစီးမှ ကစားနိုင်ခဲ့ပြီး ထိုးဖောက်ဂိုးသွင်းမှုလည်း အကြိမ်များများ ရရှိခဲ့သည်။ ဘာစီလိုနာတိုက်စစ်တွင် မက်ဆီ၊ အီတူးနှင့် ရော်နယ်ဒင်ဟိုကိုထားပြီး တိုက်စစ်ဆင်ခဲ့ရာ အပိုင်ဂိုးသွင်းခွင့် ခြောက်ကြိမ် ရရှိခဲ့သည်။

ဘာစီလိုနာအတွက် အဖွင့်ဂိုးကို ပွဲချိန် ၄၅မိနစ်၌ တိုက်စစ်မှူးမက်ဆီက တစ်ဂိုးသွင်းယူပြီး ပွဲချိန် ၅၁ မိနစ်တွင် ဘာစီလိုနာတိုက်စစ်မှူး အီတူးက တစ်ဂိုး ထပ်မံသွင်းယူလိုက်သဖြင့် ဘာစီလိုနာတို့ နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒီပို့တီဗို၏ ချေပဂိုးတစ်ဂိုးကို ဒုတိယပိုင်းပွဲချိန် ၆၉ မိနစ်၌ ဒီပို့တီဗို တိုက်စစ်မှူး ရီကီအစားဝင်ကစားသည့် အက်ဒရင်က ဂိုးသွင်းယူခဲ့သဖြင့် ချေပဂိုး တစ်ဂိုးရရှိပြီး ဘာစီလိုနာကို နှစ်ဂိုး– တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဘာစီလိုနာတို့ ယခုပွဲအနိုင်ရရှိ သဖြင့် တန်းစီဇယား ထိပ်ဆုံး၌ ဆက် လက်ဦးဆောင်နေဆဲပင်ဖြစ်သည်။

ဗလင်စီယာနှင့် အက်စ်ပန်းညို

ဗလင်စီယာတို့ အိမ်ကွင်း၌ အကြိတ်အနယ် ကစားခဲ့ရသည်။ ဗလင်စီယာတိုက်စစ်မှူး ဒေးဗစ်ဗီလာက ပွဲချိန် ၁၂မိနစ်၌အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း အက်စ်ပန်းညိုမှ ကွင်းလယ် ကစားသမား အယ်ဘတ်ရေးရာက ချေပဂိုး သွင်းယူနိုင်ခဲ့သည်။ ဗလင်စီယာအတွက် ဒုတိယဂိုးကို ကွင်းလယ် ကစားသမား ဗန်တေးက ၂၆မိနစ်တွင် သွင်းယူပေးပြီး တတိယဂိုးကို တိုက်စစ်မှူးအင်ဂူလိုက ၅၉မိနစ်၌ သွင်းယူပေးခဲ့သည်။ အက်စ်ပန်းညို၏ ဒုတိယချေပဂိုးကို ၆၃ မိနစ်တွင်ဂါစီရာက သွင်းယူပေးခဲ့သဖြင့် ဗလင်စီယာတို့ သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။



ဘာစီလိုနာနှင့် ဒီပို့တီဗိုတို့ပွဲတွင် ဘာစီလိုနာ တိုက်စစ်မှူး အီတူး (ဝဲ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)

အခြားပွဲရလဒ်များ

ရီးရဲလ်ဘက်တစ်	**၃ – ၃**	**ဗီလာရီးရဲလ်**
ရီးရဲလ်ဆိုစီဒက်	**၁ – ၀**	**လီဗန်တေး။**

(အင်တာနက်)

ချန်ပီယံဘိုင်ယန်မြူးနစ် ထိပ်ဆုံးမှရှော်လ်ကေးကိုအနိုင်ယူ

မြူးနစ် ဧပြီ ၁

ဂျာမနီဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၇) ပြိုင်ပွဲများကို မတ်၃၁ရက်က ယှဉ်ပြိုင်ကစားရာ အမှတ်ပေးဇယားတွင် ဦးဆောင်နေသော ရှော်လ်ကေးအသင်းအား ချန်ပီယံဘိုင်ယန်မြူးနစ်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။

ချန်ပီယံဘိုင်ယန်မြူးနစ် အသင်းသည် အိမ်ကွင်းပီပီ ရှော်လ်ကေး၏ နိုင်ပွဲဆက်အောင်ပွဲခံနေခြင်းကို ခြေစွမ်းပြ ရပ်တန့်စေခဲ့သည်။ သို့သော်လည်း ဘိုင်ယန်မြူးနစ်တို့ဖလားပြန်ထိန်းရေး မျှော်လင့်ချက်မှာ ဝေးကွာနေဆဲဖြစ်သည်။

ဦးဆောင်

ရှော်လ်ကေးတို့ ချန်ပီယံဘိုင်ယန် မြူးနစ်ကို ရှုံးနိမ့်ခဲ့သော်လည်း အမှတ်ပေးဇယားထိပ်ဆုံးနေရာတွင် စိုးမိုးထားဆဲဖြစ်သည်။ ပွဲစဉ်၂၇အပြီး၁၆ ပွဲနိုင်၊ ငါးပွဲသရေ၊ ခြောက်ပွဲရှုံးဖြင့်ရမှတ်၅၃ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေသည်။

သွင်းယူ

ဘိုင်ယန်မြူးနစ်အသင်းသည် ပွဲစဉ် ၂၇ အပြီး ရမှတ် ၄၇ မှတ်ဖြင့် စတုတ္ထ နေရာမှ လိုက်နေသည်။ ဘိုင်ယန်မြူးနစ်အသင်းအတွက် အနိုင်ဂိုးများကို ရှိုင်မာကေးနှင့် ဆာလင်ဟာဇစ်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ် တိုက်စစ်မှူး ဗန်ဘွမ်မဲလ် (ရှေ့)**၏ ထိုးဖောက်ကစားမှု။**
(ဓာတ်ပုံ–အင်တာနက်)

ရလိုက်

ထိုနေ့က အမှတ်ပေးဇယားတွင် ဒုတိယနေရာမှ ဦးဆောင်နေသော ဝါဒါဘရီမင်အသင်းသည် ကော့ဘတ်တို့က အိမ်ကွင်း၌ ဂိုးမရှိသရေဆွဲထားသဖြင့် တစ်မှတ်သာရလိုက်သည်။

အနိုင်ရ

သို့သော်လည်း အမှတ်ပေးဇယား တတိယနေရာရောက် စတုဂတ်အသင်းမှာ အိမ်ကွင်း၌ အာချန်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

အခြားပွဲရလဒ်များ

ဂလာဘတ်	**၁ – ၁**	**ဖရန့်ဖတ်**
မိန့်ဇ်	**၁ – ၃**	**လေဗာကူဆင်**
နူရင်ဘတ်	**၂ – ၁**	**ဟာသာဘာလင်။**

(အင်တာနက်)



ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် တက/၁၉၆၂၄ ယာဉ်အမျိုးအစား ဟွန်ဒါဒရင်း C- 100 MP ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်နန်းကြည်ပြာထွေး မှတ်ပုံတင်အမှတ် ၁၃/လလန(နိုင်)၀၂၂၄၄၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊လွိုင်လင်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အဖ ဦးမျိုးမြင့်-အမိ ဒေါ်ဝင်းဌေးတို့၏သား မောင်ဇော်ဝင်းမြင့် ၁၂/မရက(နိုင်)၁၃၁၅၂၁ ဖြစ်သူသည် မိဘနှစ်ပါးအပေါ် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့ကို လုံးဝ(လုံးဝ) တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။

ဖခင်-ဦးမျိုးမြင့် ၁၂/မရက(နိုင်)၀၉၈၇၀၁
မိခင်-ဒေါ်ဝင်းဌေး ၁၂/မရက(နိုင်)၀၀၆၈၂၉။

သဲကုန်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဧပြီ ၁

သဲကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ (၁၈)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားတောင်ဘက်မုခ် ရွှေတိဂုံဘုရားလမ်း သစ်လုပ်ငန်းဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် သဲကုန်းမြို့နယ်သူမြို့နယ်သား (ဆင်မီးဆွဲ၊ သဲကုန်း၊ ပုတီးကုန်း၊ ဝက်ပုတ်၊ အင်းမ)အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်းသိရသည်။

(က-ပ)

ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး၊သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၆ခုနှစ် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ယနေ့ မွန်းတည့် ၁၂နာရီက သိမ်ဖြူလမ်း ဝိုင်အမ်စီအေခန်းမ၌ကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကြိုင်မြင့်(မောင်ရန်ရှင်း)နှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသန်းလှိုင်(တက္ကသိုလ်သခ်) **(အပေါ်ပုံ)** တို့က အမှာစကားပြောကြားသည်။

အကြံပြု

ထို့နောက် အလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ (မြင့်ဆွေမြင့်)ကလည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးမြင့်စိုး(ကွမ်း-ပေါင်းတည်)ကလည်းကောင်း ဖတ်ကြားတင်ပြကြပြီး အဖွဲ့ဝင်တစ်ဦးက အကြံပြုဆွေးနွေး၍ အစည်းအဝေးက အတည်ပြုသည်။

ကန်တော့

ဆက်လက်၍ ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ကန်တော့ခံ သက်ကြီးစာရေးဆရာကြီးများအား အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြပြီး စာရေးဆရာကြီး ဒေါက်တာထီလာစစ်သူက ဆုံးမစကားပြောကြားသည်။

(မြန်မာ့အလင်း)

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ကမ္ဘာလှည့်ခရီးသည်များလုံခြုံမှုစောင့်ရှောက်ရေးသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေးသင်တန်း အမှတ်စဉ်(၁၆/၂၀၀၇)ဆင်းပွဲအခမ်းအနားကို မတ်၃၀ရက်ညနေ ၃နာရီတွင် ပြည်ထဲရေးဝန်ကြီးရုံး စုစည်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲရေးမှူး ရဲမှူးချုပ်သန်းဟန် တက်ရောက်အမှာစကားပြောကြားသည်။

ကူညီဆောင်ရွက်

သင်တန်းကို ရက်သတ္တ ၁၂ပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ရဲအရာရှိ၃၉ဦး တက်ရောက်ခဲ့ကြကြောင်းနှင့် သင်တန်း၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသို့လာရောက်ကြမည့် ကမ္ဘာလှည့်ခရီးသည်များ လုံခြုံစိတ်ချမှုရှိစေရေးနှင့် စိတ်အေးချမ်းမြေ့စွာသွားလာလည်ပတ်နိုင်ကြစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကူညီဆောင်ရွက်သွားနိုင်ရန်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

အောင်ဘာလေသိန်းဆုဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁

(၂၁၉)ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ၁-၄-၂၀၀၇ရက် ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း(၅၀၀)

ထ-၇၅၇၄၂၃

ကျပ်သိန်း(၃၀၀)ဆုများ

ရ-၃၅၉၅၉၁ ဈ-၂၀၄၅၂၀

ကျပ်သိန်း(၂၀၀)ဆုများ

ည-၉၂၈၀၂၀ ခ-၇၈၆၉၃၆
ဇ-၅၁၅၈၈၆ ဆ-၃၄၂၃၉၅

ကျပ်သိန်း(၁၀၀)ဆုများ

က-၁၈၆၂၃၉ ဥ-၅၆၆၃၉၇
ပ-၁၄၅၁၆၆ ည-၈၇၄၅၆၇
ဘ-၉၁၅၈၁၉ ခ-၂၈၁၄၆၁
ထ-၁၄၀၈၄၀ ဈ-၁၃၅၃၄၃
ပ-၈၉၈၆၉၀ ယ-၅၅၁၆၈၈
ဘ-၄၈၇၂၅၁ ဗ-၈၇၀၇၈၈
တ-၈၀၃၉၉၃ ပ-၈၈၆၂၀၈
ည-၂၃၃၁၈၆

ကျပ်သိန်း(၁၀၀)ယူနစ်

(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ဟ-၇၃၆၃၈၈ ခ-၈၃၄၇၅၄
မ-၇၉၈၀၉၄ န-၁၉၀၄၈၆
စ-၁၈၁၆၀၀ တ-၈၇၈၈၁၁
ခ-၁၀၃၃၄၉ ဏ-၆၈၁၀၃၅
ဌ-၅၃၆၂၈၅ ဘ-၇၂၄၀၂၅
ပ-၄၅၁၁၃၂ ဃ-၂၈၁၅၇၂
င-၈၁၉၀၆၁ ဥ-၆၈၉၃၀၅
ပ-၂၃၀၅၇၀ န-၄၁၇၆၇၂
ဏ-၆၇၆၃၁၂

မြန်မာ့အလင်း အင်တာနက် ဟော့ပိတ်သတင်း

လူ့ခွန်အားအသုံးပြု၍ ကမ္ဘာပတ်သူ

လန်ဒန် ဧပြီ ၁

ဗြိတိသျှသား လူစွန့်စား တစ်ဦးသည် ကမ္ဘာကို လူ့ခွန်အား အသုံးပြုလျက် ကမ္ဘာပတ်လျက် ရှိရာ နောက်ဆုံးပန်းဝင်ခရီး စတင်ထွက်ခွာလာနေပြီ ဖြစ်ကြောင်း ဧပြီ ၁ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကမ္ဘာပတ်

အဆိုပါ လူစွန့်စား၏အမည်မှာ ဂျက်ဆင်လူးဝစ်ဖြစ်ပြီး အင်္ဂလန်အနောက်တောင်ပိုင်း ဒိုးဆက်ပြည်နယ်မှဖြစ်သည်။အသက်၃၈နှစ်ရှိ ဂျက်ဆင်သည် ၁၉၉၄ ခုနှစ်မှစ၍ ကမ္ဘာကို စက်ဘီးစီး၍လည်းကောင်း၊ ခြေနင်းလှေလှော်၍လည်းကောင်း၊ စကိတ်စီး၍လည်းကောင်း၊ ကယက်လှေလှော်၍လည်းကောင်း၊ ရေကူး၍လည်းကောင်း၊ လမ်းလျှောက်ခြင်းဖြင့်လည်းကောင်း ကမ္ဘာပတ်ခရီးနှင်ခဲ့သူဖြစ်သည်။

လေးပုံသုံးပုံ

ယခုအခါ ၎င်းသည် ခရီးမိုင်ပေါင်း ၃၅၀၀၀တွင် လေးပုံသုံးပုံခရီးပေါက်ခဲ့ပြီဖြစ်သည်။ ၎င်းသည်နောက်ဆုံးပန်းဝင်ခရီးကို အောက်တိုဘာလတွင် လန်ဒန်မြို့၌အဆုံးသတ်ရန် စီစဉ်ထားသည်ဟုဆိုသည်။ ဂျက်ဆင်လူးဝစ်သည် အီသီယိုးပီးယား၊ ဆူဒန်၊ အီဂျစ်၊ ဆီးရီးယား၊ တူရကီနှင့် ဥရောပသို့ ဆက်လက်ခရီးနှင်ဖြတ်သန်းမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား

၂-၄-၂၀၀၇ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၉	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀	၈။	မိုးယွန်းကြီးရေထိန်းတံခါး
၈း၃၀	၉။	International News
၈း၄၅	၁၀။	Grammar made Easy
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Prctice In Reading
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု)[ရူပဗေဒ]
၁၇း၀၀	၅။	အကပဒေသာ
၁၇း၁၀	၆။	မြန်မာစာ မြန်မာစကား
၁၇း၂၀	၇။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၃၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇း၄၀	၉။	တေးဂီတအစီအစဉ်(မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၇း၅၀	၁၀။	**"ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ"** (ဆုပန်ထွာ၊ ပွင့်၊ ဂွမ်းပုံကြီး) ဒါရိုက်တာ-ကြည်စိုးထွန်း
၁၈း၀၀	၁၁။	ညနေခင်းသတင်း
၁၈း၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၃။	အလှူရှာမယ်လှူကမ္ဘာဝယ်
၁၈း၅၅	၁၄။	လုပခုံညား ဖျာပုံတံတား
၁၉း၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သစ္စာဘဝပင်ခြားသော်လည်း"** (အပိုင်း-၈)
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၃၄)
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှူးပြုသောပရိသတ်များ နောင်တော်ကြီးစေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင် ရေစက်ချမင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

နောင်တော်ကြီးစေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင် ရေစက်ချမင်္ဂလာကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းက ရွှေတိဂုံစေတီတော်ရင်ပြင် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည့် နောင်တော်ကြီးစေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် ရေစက်ချမင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်း၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီနှင့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေး ဗဟိုကော်မတီ၊ ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များတက်ရောက် ကြည်ညိုကြသည်။

အနေကဇာတင်

ရှေးဦးစွာ ရေစက်ချမင်္ဂလာ အခမ်းအနား မစတင်မီနံနက်၅နာရီခွဲတွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော် အရှင်သူမြတ်များက နောင်တော်ကြီးစေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဖွင့်လှစ်

ထို့နောက် နောင်တော်ကြီးစေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင် ရေစက်ချမင်္ဂလာအခမ်းအနားကို နံနက် ၆ နာရီခွဲတွင် ရွှေတိဂုံစေတီတော် ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ကျင်းပရာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နောင်တော်ကြီးစေတီတော်နှင့် အရံစေတီတော် ၂၄ ဆူ ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းလုပ်ငန်း ပြီးမြောက်အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် ရေစက်ချ အနုမောဒနာအခမ်းအနား ကျင်းပရခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းက ဇယမင်္ဂလာ အနုမောဒနာ စာတမ်းလွှာကို ဖတ်ကြားလျှောက်ထားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

မိုးလေဝသအခြေအနေ ၂-၄-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

မြန်မာ့အလင်း သတင်း၊ ဆောင်းပါး အညွှန်း

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

စာဖတ်ခြင်းက ဘဝအလင်းရောင်၊ စာဖတ်ခြင်းက ဘဝလှေကားထစ်ပင် ဖြစ်သည်။ ပညာတည်းဟူသော အပင်သည် တစ်သက် စားမကုန်ပါ။

ဆင်ဖြူကျွန်းမြင့်သိန်း (မြန်စာဂုဏ်)၏ ဆောင်းပါး (စာ-၁၀)

လူ့ ခွန်အားအသုံးပြု၍ ကမ္ဘာပတ်သူ။

အင်တာနက်ဖောင်ပိတ်သတင်း (စာ - ၁၄)

ဘာစီလိုနာနှင့် ဒီပို့တီဗို တို့ပွဲတွင် ဘာစီလိုနာ တိုက်စစ်မှူး အီတူး ဤသို့ ထိုးဖောက်ကစားခဲ့သည်။

မြင့်မောင်စိုး၏ ဆောင်းပါး (စာ-၁၃)

NLD ပါတီ၏ လုပ်ဆောင်ချက်များသည် နိုင်ငံနှင့်လူမျိုးအကျိုးကို မည်သို့မျှ အထောက်အကူမပြု ပြည်ပနိုင်ငံကြီးအချို့နှင့် ပူးပေါင်းကာ စီးပွားရေးပိတ်ဆို့အောင်လုပ်ဆောင်နေသဖြင့် ပြည်သူလူထုထိခိုက်နစ်နာနေ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လိုသဖြင့် တွံတေးမြို့နယ်မှ ပါတီဝင်လေးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်း တွံတေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ခနောင်ကျေးရွာမှ ဦးခင်ရှိန်၊ ကြည်ဆိပ်ကျေးရွာမှ ဦးကျော်မြင့်၊ ကရင်ချောင်းကျေးရွာမှ ဦးအုန်းတင်နှင့် ဦးသောင်းဟန်တို့လေးဦးသည် မတ် ၂၄ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

တွံတေးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီ၏ လုပ်ဆောင်ချက်များသည် နိုင်ငံနှင့်လူမျိုးအကျိုးကို မည်သို့မျှ အထောက်အကူမပြုသည့်အပြင် ပြည်ပနိုင်ငံကြီးအချို့နှင့်ပူးပေါင်းကာ စီးပွားရေးပိတ်ဆို့အောင် လုပ်ဆောင်နေသဖြင့် ပြည်သူလူထု ထိခိုက်နစ်နာနေသည့်အတွက် ၎င်းတို့အနေဖြင့် များစွာ စိတ်ပျက်မိကြောင်း၊ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များသည် လက်တွေ့ကျပြီး အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်လျက်ရှိသဖြင့် ၎င်းတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီအပေါ် စိတ်ဝင်စားမှုမရှိ၊ ထောက်ခံမှု မရှိတော့သဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)